ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (15-10-2008) (၅၈၃၂)

**ပူဇာစ ပူဇနေယျာနံ တေဝ် မင်္ဂလ မုတ္တမံ**

**ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။**

## ယနေ့ ကြေးမုံ ဆောင်းပါးအညွှန်း

မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် လူသားမျိုးနွယ်အဖြစ် စတင်ဖြစ်ထွန်းပေါ်ပေါက်လာသည်မှ အစပြု၍ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်ကဏ္ဍ အသီးသီး၌ ဖွံ့ဖြိုးတိုးတက်ခဲ့...

**ဦးစန်းဝင်း(ရှေးဟောင်းသုတေသန)**

**(ဆောင်းပါး) စာမျက်နှာ-၆**

# လမ်း/တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာပြီး လှိုင်သာယာ အမှတ်(၅) လမ်းဆုံမှ တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပန်းလှိုင်တံတား၊ တွံတေးကြီးတံတားများ၏ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်းပေါ်ရှိ တော်ပုလဲတံတား ချဉ်းကပ်လမ်းမြေထိန်းနံရံ ပြုပြင်ဆောင်ရွက်နေမှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး **စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆**

# အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးစည်ပင်လာသည့် ဒေးဒရဲမြို့မြင်ကွင်း

**သတင်းဆောင်းပါး**
**မောင်မောင်ထွေး(သတင်းစဉ်)**
**ဓာတ်ပုံ-လှမိုး(သတင်းစဉ်)**




တိုးမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ဒေးဒရဲတံတားကို တွေ့ရစဉ်။

**နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု စွမ်းပကားသည် မည်သည့်အခက်အခဲကိုမဆို ကျော်လွှားနိုင်။**

ရောဝတီတိုင်း ဒေးဒရဲမြို့သို့ မုန်တိုင်း တိုက်ခတ်ပြီးချိန်မှ အစပြု၍ မိမိတို့ အကြိမ်ကြိမ် ရောက်ခဲ့ဖူးသည်။ အခြားလေဘေးသင့်ဒေသ ဖျာပုံနှင့် ဘိုကလေးမြို့များသို့ သွားရင်းလည်း အကြိမ်ကြိမ် ဖြတ်သန်းဖြတ်လာ ပြုခဲ့ဖူးသည်။

သို့သော် နောက်ပိုင်းကာလများအတွင်း၌မူ အခြားအလုပ်ကိစ္စများဖြင့် ဒေးဒရဲမြို့နှင့် ကာလအတန်ကြာ အဆက်ပြတ်သွားခဲ့ရသည်။

ယခုရက်ပိုင်းအတွင်း ဒေးဒရဲမြို့သို့ မိမိပြန်လည်ရောက်ရှိခဲ့စဉ်မူ အသွင်သစ်၊ အမြင်သစ်ဖြင့် အရာရာသည် ပြောင်းလဲခဲ့ချေပြီ။ မုန်တိုင်းသင့်ဒေသမှ ဟုတ်ပါလေစ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အင်အားစုသုံးရပ်၏ ညီညွတ်စွာ ပူးပေါင်းတည်ဆောက်မှုစွမ်းပကားသည် အံ့သြဘနန်းကြီးမားလေစွ။

**စာမျက်နှာ၉ ကော်လံ၁ သို့ ◯**

## ယနေ့ ကြေးမုံ နိုင်ငံတကာသတင်းများအညွှန်း



အီရတ်နှင့်အာဖဂန် နောက်ဆုံးရ သတင်းများ စာမျက်နှာ ၄



စိတ်ဝင်စားဖွယ် အင်တာနက် သတင်းများ စာမျက်နှာ ၁၀



၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ဥရောပဇုန် ပွဲစဉ်များ စာမျက်နှာ ၁၁

အတည်ပြုချိန်- ၀၃း၄၅

ကြေးမုံ The Mirror

၁၅-၁၀-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

# မျိုးချစ်စိတ်ဓာတ်နှင့် ပညာရည်မြင့်မားရေး မူလတန်းအရွယ်ကပင် စတင်ပျိုးထောင်

နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေးအတွက် နှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင်နေသည်။ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ စနစ်တကျ ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ ခေတ်မီသင်ကြားမှု နည်းပညာသစ်များ၊ အီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများ အပါအဝင် ပညာရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်ဖြည့်ဆည်းပေးထားပြီးဖြစ်သည်။ ယင်းသို့ ဖြည့်ဆည်းပေးမှု များနှင့်အညီ ကျောင်းသား၊ ကျောင်းသူတိုင်း ပညာသင်ယူတတ်မြောက်စေရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

မူလတန်းအဆင့်၌ စနစ်တကျ သင်ယူတတ်မြောက်ခြင်းဖြင့်သာ အလယ်တန်းအဆင့်တွင် အခြေခံခိုင်မာပြီး အထက်တန်းအဆင့်တွင် ဘက်စုံအောင်မြင်တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ ပညာအရည်အချင်း၊ အတတ်ပညာနှင့် စိတ်ဓာတ်ခံယူချက်များ ပြည့်စုံနေစေရေး ဆရာ၊ ဆရာမများက ဂရုတစိုက် သင်ကြားပျိုးထောင်ပေးကြရမည် ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူ လူငယ်များကို ငယ်စဉ်ကပင် စတင်၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်များ စွဲမြဲခံယူထက်သန်စေရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ လူမှုစည်းကမ်း၊ ဥပဒေစည်းကမ်းဘောင်အတွင်း နေထိုင်ကျင့်ကြံတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး လေ့ကျင့်ပေးကြရမည်ဖြစ်သည်။

သို့မှသာ ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းပညာရပ်ဆိုင်ရာသာမက စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်သည့် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သော စွမ်းရည်စိတ်ဓာတ်များ ပြည့်ဝခိုင်မာလာမည်ဖြစ်သည်။

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးအတွက် အဘက်ဘက်က ဖန်တီးဖော်ဆောင်ပေးလျက်ရှိချိန်တွင် ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူတိုင်းက မိမိတို့၏ တပည့်များအား မူလတန်းအရွယ်ငယ်စဉ်ကပင်စတင်၍ စာပေ၊ စာရိတ္တနှင့် ကိုယ်ကျင့်တရား၊ စာပေတတ်မြောက်မှုစွမ်းရည် တိုးတက်မြင့်မားလာစေရေး ပြုစုပျိုးထောင်ပေးခြင်းဖြင့် ဘက်စုံထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

## ဒို့ကျေးရွာဂျာနယ် အတွဲ(၅) အမှတ်(၂၀)ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၁၄

ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅) အမှတ်(၂၀)ကို အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် စပါးနှံသန္ဓေဖြစ်ပေါ်ချိန်တွင် ဖျက်ပိုးများနှင့် စစ်ခင်းရမည်၊ ပဲပုပ်ဈေးကွက် လိုအပ်ချက်မြင့်မားလာပြီ တိုးချဲ့စိုက်ပျိုးပြီး ပြည်ပတင်ပို့ကြမလား၊ ထွန်ရေးမဲ့ ပဲပုပ်စိုက်ပျိုးနည်း၊ စိုက်ပါပျိုးပါ တို့မြေယာဝင်ငွေလည်းရ စိတ်ချမ်းသာ၊ ပြည်ပနိုင်ငံများက ဝယ်ယူရန် ကမ်းလှမ်းလျက်ရှိသော ဆေးဖက်ဝင် မြန်မာ့သစ်ခွ စသည့်စိုက်ပျိုးရေးဆောင်းပါးများ၊ စီးပွားဖြစ်ဝက်မွေးကြမလား၊ ပဲပဲကလေးဘယ်လိုမွေး၊ ကျွဲနွားတိုင်းရင်းဆေးနည်းများ၊ ကျွဲနွား ခွာနာလျှာနာပျောက်စေရန်စသည့် မွေးမြူရေးသတင်း၊ ဆောင်းပါးများ၊ ကင်ဆာပိုးတွေ ဘယ်လိုဖြစ်၊ ဆေးဖက်ဝင်ခံတက်ပင်၊ ရေကောင်းရေသန့် ရရှိပြီ၊ စတော်ဘယ်ရီဖျော်ရည်သောက်ပါ စသည့် ကျန်းမာရေးသတင်း၊ ဆောင်းပါးများ၊ ဆန္ဒနှင့်အောင်မြင်မှု ဆန္ဒကြီးမားခြင်းသည်ပင် အောင်မြင်မှုအတွက် အခြေခံကောင်းဖြစ်၏၊ မြန်မာ့လေ့လာနည်း၊ နှစ်စဉ်ဆင်နွှဲ ရွှေကျင်မီးမျှောပွဲ၊ ရွာစားကြီးရဲ့ မင်္ဂလာပြောညွှန့်၊ ကာကွယ်ခုခံပိုင်ခွင့်ဟူသည် စသည့် အသိပညာပေး သုတ၊ ရသ၊ ဆောင်းပါးများနှင့် ရွှေမလိုပါငွေမလိုပါ ဝတ္ထုတိုတို့ အပြင် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယို ဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာ ဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်အရောင်းဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးမောက်မြို့ အိတ်ချိန်းသစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၄

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် အောက်တိုဘာ ၁၁ ရက်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ ဖြစ်ထွန်းအောင်မြင်နေသော စပါးစိုက်ခင်းများနှင့် နန်ဆန်ယန် ကျေးရွာအနီးရှိ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် ဒေါ့ဖုန်းယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးရွာစပါးစိုက်ပျိုးမှုများ ပိုမိုထွက်ရှိရေးနှင့် ကျေးလက်ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မိုးမောက်မြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး အိတ်ချိန်းသစ်အတွင်း တပ်ဆင်ထားသော စက်ပစ္စည်းများကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးမောက်မြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)



## ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးတင်ပြပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်ကြမည့်လုပ်ငန်းစဉ်များကို တင်ပြကြသည်။ ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်ကအမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ထားသော မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ စာကြည့်တိုက် ၄၃ခုသို့ သုတ၊ ရသ၊ စာအုပ်၊ စာစောင်နှင့် မဂ္ဂဇင်းအုပ်ရေ ၁၆၃၄ အုပ်ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## အင်္ဂမအကြိမ် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

၂၀၀၈ခုနှစ် အင်္ဂမအကြိမ် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို အောက်တိုဘာ ၁၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ ရှေးဦးစွာ အင်္ဂမအကြိမ် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပရေးအတွက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က အလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ခေတ္တကျောင်းအုပ်ကြီး ဦးခင်မောင်ကျော်က လက်ခံသည်။

ထို့နောက် အလှူရှင်များက မုန်တိုင်းကြောင့် ပျက်စီးသွားသော ခြင်းလုံးရုံများပြန်လည်ပြုပြင်ရန်အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တာဝန်ရှိသူများက တတိယဆုရ တပ်မတော်ရေ(က) အသင်း၊ ဒုတိယဆုရ တာမွေမြို့နယ်အသင်း(**အပေါ်ဝဲပုံ**)နှင့် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့အား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က ဆုရအသင်းများအား တံခွန်စိုက်ဆုဖလားများချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆင်ဖြူကျွန်းမြို့နယ်သားများ သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၄

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့နယ်ဇာတိဖြစ်သော ရန်ကုန်မြို့ရောက် အသက်(၇၅)နှစ်နှင့်အထက်ရှိသက်ကြီးဘိုးဘွားများအား ဆင်ဖြူကျွန်းမြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်း၍ သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၈ရက်(စနေနေ့) နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ဆင်ဖြူကျွန်းမြို့နယ်သူ၊ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ကြရန်၊ အလှူငွေနှင့် အလှူပစ္စည်းများ ကြိုတင်ထည့်ဝင် လှူဒါန်းလိုပါက ဦးမောင်မောင်ကြီး ဖုန်း-၀၁-၆၆၅၈၉၆၊ ဒုတိယဗိုလ်မှူးကြီးဝင်းထိန်(ငြိမ်း) ဖုန်း-၀၁-၆၉၉၀၄၃၊ ဦးစန်းလွင် ဖုန်း-၀၁-၅၃၀၀၅၈နှင့် ဦးမောင်မောင်လေး ဖုန်း-၀၁-၅၀၂၁၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ကော့သောင်းခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်တွင် ကော့သောင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်လှကြည်နှင့် မြို့နယ်ဦးစီးမှူးများက ဦးစီးဌာန၏ လုပ်ငန်းတာဝန်(၁၁)ရပ်၊ ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံရရှိရေး၊ လုပ်ငန်းများအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်ကြရေး နှင့် မြို့နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သန်လျင်မြို့ ဗဟို အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေး နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၇ ရက် တွင် ကျင်း ပ ရာ ပထမတန်း ၌ ပထမဆု ရရှိသော မမြသိင်္ဂီအား ကျောင်းအကျိုးတော်ဆောင် နာယက ဦးတင်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် နိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရား စေတီပုထိုးတို့၌ ကုသိုလ်ပုည အားထုတ်ကြသူများ အထူးစည်ကား

နေပြည်တော် အောက်တိုဘာ ၁၄

**ယနေ့သည်သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ဖြစ်သည်။**

**နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်များ၌ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရှိရသည်။**

နေပြည်တော် ဘောဂသိဒ္ဓိရပ်ကွက်၌ တည်ထားကိုးကွယ်သည့် ဓာတုစယ ဓာတ်ပေါင်းစု စေတီတော်တွင် နံနက် အရုဏ်တက်ချိန်မှစတင်၍ ဗုဒ္ဓမြတ်စွာ ဘုရားအား ရည်မှန်းပြီး သစ်သီး၊ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ နံ့သာ စသည်တို့ကို အလှူရှင်များက ဆက်ကပ် လှူဒါန်းပူဇော်ကြပြီး နံနက်ပိုင်းမှ ညပိုင်းအထိ ဥပုသ်သီလ ဆောက် တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများ၊ အဘိဓမ္မာတရား ရွတ် ပွားကြသူများ စသည့် ကောင်းမှု ကုသိုလ်ပြုသူများဖြင့် စည်ကားလျက် ရှိသည်။

ညပိုင်းတွင်လည်း စေတီတော်မြတ်ကြီး၌ ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြ သည်။

နေပြည်တော်ပျဉ်းမနား ရန်အောင် (၂)ရပ်ကွက်ရှိ သမိုင်းဝင်ဘုရားကိုးဆူ စေတီတော်မြတ်ကြီး၌ အလှူရှင်များက နံနက်အရုဏ်တက်တွင် ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီးများဖြင့် ဆက်ကပ် လှူဒါန်းကြပြီး လာရောက်ဖူးမြော်ကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက် ရှိသည်။

ထို့ပြင် နေပြည်တော်ပျဉ်းမနားရှိ လောကမာရဇိန်ဘုရား၊ ကိုးခမ်းကြီး ဘုရား၊ လောကရန်နှိမ်ဘုရား အစ ရှိသည့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဆွမ်းတော်ကြီးတင် ကပ်လှူပွဲများ၊ အဘိဓမ္မာအခါတော်နေ့ အခမ်းအနား များ၊ ပဝါရဏာပွဲများ၊ သီလပေးတရား ချီးမြှင့်ပွဲများ၊ နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်ပွဲများ၊ ဆီမီးထွန်းညှိ ပူဇော်ပွဲများ၊ အလှူဒါနပြုပွဲများ၊ တရားပွဲများဖြင့် အထူးစည်ကားလှ သည်။

အလားတူ ဝန်ကြီးဌာနအသီးသီး ၌လည်း ညပိုင်းတွင် ရောင်စုံမီးများ လှပဝေဆာစွာ ထွန်းညှိထားသည်ကို တွေ့ရသည်။

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရား၊ စေတီ၊ ပုထိုးတို့၌ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ မေတ္တာ ဘာဝနာ၊ သမထဘာဝနာနှင့် ဝိပဿနာ ဘာဝနာ ပွားများအားထုတ်ကြသူများ၊ အဘိဓမ္မာတရားတော်ကို နှုတ်လုံးသွင်း ဆင်ခြင်ပွားများကြသူများ၊ ပဋ္ဌာန်း ဒေသနာအပါအဝင် အဘိဓမ္မာတရား တော်များကို ရွတ်ပွားသရဇ္ဈာယ်ကြ သူများ၊ သဗ္ဗညုဘုရားရှင်အား ရည် မှန်း၍ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေး နံ့သာ၊ ဆွမ်းတော်များ ကပ်လှူပူဇော်၍ လည်းကောင်း၊ ဘုရားဖူးပရိသတ်တို့ အား သောက်ရေသန့်၊ အအေးနှင့် စတုဒိသာ မုန့်မျိုးစုံတို့ကို စတုဒိသာ လှူဒါန်းကြ၍ လည်းကောင်း ကုသိုလ် ပုညပြုကြသူများဖြင့် စည်ကားလျက် ရှိသည်။

ရွှေတိဂုံစေတီတော်၌ အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားကို အရုဏ်တက်မှစ၍ အစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆူးလေစေတီတော်မြတ်ကြီး၏ သီတင်းကျွတ်ပွဲတော် အဘိဓမ္မာအခါ တော်နေ့ကို မွန်းလွဲ ၁ နာရီတွင် ကျင်းပ ရာ ဝတ်အဖွဲ့များက ပဋ္ဌာန်းပါဠိဒေသနာ တော်များကို ရွတ်ပွားသရဇ္ဈာယ်ပူဇော် ကြပြီး ညပိုင်းတွင် ဆီမီး ၅၀၀၀ တို့ဖြင့် ထွန်းညှိပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်မြတ်ကြီး၌ အရုဏ်တက်မှစတင်၍ ဥပုသ်သီတင်း ဆောက်တည်ကြခြင်း၊ ဘာဝနာပွား များကြခြင်း၊ ဘာသာရေးဝတ်အသင်း အဖွဲ့များက စတုဒိသာလှူဒါန်းခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ပွားပူဇော်ခြင်း တို့ဖြင့် ကုသိုလ်ပုညပြုကြသည်။

ထို့အပြင် ဝါတွင်းတရားပွဲတော် အစီအစဉ်အဖြစ် သီတင်းကျွတ်လ ပြည့်နေ့ မွန်းလွဲပိုင်းတွင် စေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ တိပိဋကရေ ဓမ္မဘဏ္ဍာ ဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာ ဘိဝံသ (ယောဆရာတော်)က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူသည်။

မဟာဝိဇယ စေတီတော်မြတ်ကြီး၏ (၁၆)ကြိမ်မြောက် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပလျက် ရှိရာ နံနက်အရုဏ်တက်မှစ၍ စေတီ တော်မြတ်ကြီးအား ဆွမ်းတော်ကြီး၊ ပန်းမျိုးစုံ၊ မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံတို့ကို ဆက်ကပ်လှူဒါန်းပြီး သုံးညတိုင်တိုင် ညစဉ်ဆီမီး ၅၀၀၀ ပူဇော်ခြင်း၊ ဝတ် ရွတ်စဉ်များဖြင့် ရွတ်ပွားပူဇော်ခြင်း တို့ကို ကျင်းပကြသည်။

ထို့အတူ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၏ သီတင်းကျွတ် လပြည့် အဘိဓမ္မာအခါတော်နေ့ ဓမ္မ ပူဇာ မင်္ဂလာအခမ်းအနားကို မွန်းလွဲ ပိုင်းတွင် အဆိုပါ စေတီတော်ဂေါပက အဖွဲ့တန်ဆောင်း၌ ကျင်းပသည်။

အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင်လည်း အရုဏ် တက်မှစတင်၍ လယ်တီမဟာသရဏဂုံ တော်ကြီးဖြင့် ရွတ်ပွားပူဇော်ခြင်း၊ နံနက်ပိုင်းတွင် သက်သတ်လွတ် စတု ဒိသာ အာဟာရဒါနပြုခြင်း၊ ဒါန၊ သီလ၊ ဘာဝနာဆောက်တည်ကြသူ များဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ရွှေဘုန်းပွင့်စေတီ တော်၌ (၃၁)ကြိမ်မြောက် ပဝါရဏာပွဲ ကို မွန်းလွဲ ၁ နာရီတွင် စေတီတော် ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

ဝါရဒါဌာဓာတုစေတီယစွယ်တော်မြတ် စေတီတော်(ရန်ကုန်)၏ ကောဒသမ အကြိမ် အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားကို နံနက် ၉ နာရီတွင် ကျင်းပရာ အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ လျှောက် တင်သံ ကဗျာရတုတို့ဖြင့် ရွတ်ဆို ပူဇော်ကြသည်။

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော် ပေါ်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၌ အသံမစဲ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို (၁၃)ကြိမ်မြောက်အဖြစ် အောက်တို ဘာ ၈ ရက်မှ ၁၄ ရက် (သီတင်းကျွတ် လပြည့်နေ့)အထိ ကျင်းပခဲ့ရာ နံနက် ၉ နာရီတွင် အောင်ပွဲနှင့် အဘိဓမ္မာ အခါတော်နေ့ကိုပါ ကျင်းပသည်။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး၏ တတိယအကြိမ် အဘိဓမ္မာအခါတော် နေ့နှင့် မီးထွန်းပွဲတော်ကို သုံးရက် တိုင်တိုင်ကျင်းပရာ ပဝါရဏာပြုကြ သော သံဃာတော်အပါး ၁၂၀ တို့ အား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နံနက်ပိုင်းတွင် အဘိဓမ္မာအခါတော် နေ့ ကျင်းပခြင်း၊ ဆွမ်းတော်ကြီးတင် ကပ်လှူခြင်းနှင့် ညနေပိုင်းတွင် ဝါတွင်းတရားပွဲများကို ကျင်းပသည်။

အလားတူ ရန်ကုန်မြို့ရှိ မယ်လမု စေတီတော်၊ ကျိုက္ကစံစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ မိုး ကောင်းစေတီတော်မြတ်၊ သန်လျင် မြို့ရှိ ကျိုက်ခေါက်ဆံတော်ရှင် စေတီ တော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့၊ ကျိုက္ကလဲ့စေတီတော်မြတ်ကြီးတို့၌လည်း အဘိဓမ္မာအခါတော်နေ့ အခမ်းအနား များကို စည်ကားသိုက်မြိုက်စွာကျင်းပ ကြသည်။

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ ပုထိုး၊ ကျောင်း၊ ကန်များ၌ လည်း အဘိဓမ္မာအခါတော်နေ့ ဓမ္မ ပူဇာမင်္ဂလာအခမ်းအနားများ ကျင်းပ ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း စသည်ဖြင့် ကုသိုလ်ကောင်းမှုများ ပွားများ အားထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဘုရားဖူး များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)




သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော် ပျဉ်းမနားရှိ ကိုးခမ်းကြီးဘုရားသို့ ပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြစဉ်။ (သတင်းစဉ်)

### ✧ ယန်စီလိပ်မှ

အကြောင်းမှာ ရေချိုလိပ် အမျိုးအစားလိပ်မကောင်ရေမှာ တစ်ကောင် တည်းသာ ရှိတော့ခြင်းကြောင့်ဖြစ်ကြောင်း ဇီဝဗေဒပညာရှင် ကွေလင်းက ပြောကြားသည်။

သားရေစိမ်းနှင့် ပုံသဏ္ဌာန်တူသည့် လိပ်ခွံရှိသော ယန်စီလိပ်မှာ ယခုအခါ ကောင်ရေ မရှိသလောက်နည်းပါးသွားပြီဖြစ်သည်။ တစ်ကောင်တည်းသာ ကျန်ရှိတော့သည်ဟုဆိုသော ယန်စီလိပ်မကြီးမှာ ဟူနန်ပြည်နယ်မြို့တော် ချန်ရှားမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် နေထိုင်ခဲ့သည်မှာ နှစ် ၅၀ ခန့်ရှိခဲ့ပြီ ဖြစ်သည်။

သိပ္ပံပညာရှင်များသည် အဆိုပါတိရစ္ဆာန်ဥယျာဉ်တွင် ကျက်စားနေ ထိုင်သော အသက် ၈၀ အရွယ် လိပ်မကြီးအား စူကျိုးမြို့ရှိ တိရစ္ဆာန်ဥယျာဉ်သို့ ပြီးခဲ့သည့်မေလက ရွှေ့ပြောင်းပေးခဲ့သည်။

သိပ္ပံပညာရှင်များ၏ ရည်ရွယ်ချက်မှာ စူကျိုးတိရစ္ဆာန်ဥယျာဉ်ရှိ အသက် ၁၀၀ အရွယ် လိပ်ဖိုကြီးနှင့် အဆိုပါလိပ်မကြီးတို့ မိတ်လိုက်သည့် နည်းလမ်းအရ သားပေါက်စေရန်ဖြစ်သည်။ ယခုနှစ် သားပေါက်ရာသီ အတွင်း လိပ်မကြီး ဥကပ်မှုမရှိသဖြင့် သိပ္ပံပညာရှင်များက စိတ်ပျက်အား လျော့ခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

ယန်စီလိပ်မျိုးမှာ အလွန့်အလွန် ရှားပါးသွားပြီဖြစ်သည်။ ဗီယက်နမ် နိုင်ငံတွင် ယန်စီလိပ် အဖိုနှစ်ကောင်ကို ရှာဖွေတွေ့ရှိရသည်ဟု မကြာသေး မီက သတင်းပေါ်ထွက်ခဲ့သည်။

***အင်တာနက်။***

### ❍ အာဆီယံမှ

ကြပြီး ပထမပိုင်းတွင် မြန်မာအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ယှဉ်ပြိုင် လျက်ရှိသည်။

ဒုတိယပိုင်း ပြန်လည်ယှဉ်ပြိုင်ကစားရာ၌ မိနစ် ၉၀ တွင် အေးအေးမာ နှင့် ၉၁ မိနစ်တွင် နော်အားလိုဝါးဖောတို့က တစ်ဂိုးစီ သွင်းယူနိုင် ခဲ့သဖြင့် ပွဲအပြီးတွင် မြန်မာအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် (က)အုပ်စုတွင် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲရှုံး ကိုးမှတ်ရရှိကာ အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင် သည်။

အောက်တိုဘာ ၁၈ရက် ညနေပိုင်းတွင် မြန်မာအမျိုးသမီးအသင်းနှင့် အုပ်စု(ခ)မှ ပထမရရှိသည့် ဩစတြေးလျအမျိုးသမီးအသင်းတို့ ဒုတိယအကြို ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ☆ ရှေ့ဖုံးမှ

တံတားကြီး ရေရှည်ခိုင်မြဲရေးနှင့် မြေထိန်းနံရံကို စနစ်တကျ ခိုင်ခံ့အောင် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းခြံကုန်း-လက်ခုပ်ကုန်းလမ်းပေါ်ရှိ တံတား အမှတ်(၁/၁)တောင်ဘက်ပိုင်း ဘေလီတံတားဟောင်းနှင့် တံတားသစ်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားသစ်မပြီးမီ လက်ရှိ အသုံးပြုနေသည့် ဘေလီတံတားကို ခံနိုင်ဝန်အားဖြည့် ဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာ နိုင်ငံ)ကကြီးမှူး၍ အောက်တိုဘာ ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ဟောပြောပွဲ ကျင်းပမည်ဖြစ်ရာ ရန်ကုန်စီးပွားရေး တက္ကသိုလ်(ပါမောက္ခချုပ်၊ အငြိမ်းစား) ပါမောက္ခ ဦးမော်သန်းက Intangible Business Capital and Investment: Accounting Requisites of Myanmar Accounting Standards ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲတတ်ရောက်လိုသူများသည် ၁၇-၁၀-၂၀၀၈ (သောကြာနေ့) နောက်ဆုံးထား၍ အသင်းရုံးခန်း (အမှတ်-၃၇/၄၁၊ လမ်း ၅၀ အောက် ဗိုလ်တထောင်မြို့နယ်)သို့ မှတ်ပုံတင် ကြေး စာရင်းပေးသွင်းကြရန်ဖြစ်သည်။ စာရင်းသွင်းရာတွင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များဖြစ်ပါက မိမိ တို့၏ CPA အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လက်မှတ် အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်များ ဖော်ပြပေးရန် ဖြစ်သည်။ အသေးစိတ်သိလိုပါက ရုံး အဖွဲ့မှူး ဦးဘဝင်း ဖုန်း-၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးမိုးကျော် ဖုန်း- ၀၉ ၅၁၅၄၅၇၄၊ တွဲဖက်အတွင်းရေးမှူး ဒေါ်အေးသီတာ ဖုန်း-၀၉၅၀၀၀၇၅၂၊ အလုပ်အမှုဆောင် ဦးစိန်ဝင်း ဖုန်း- ၀၉၅၀၃၇၉၆၂ တို့သို့ ဆက်သွယ်စုံစမ်း နိုင်သည်။

(ကြေးမုံ)

## အီရတ်ရှိ ပီကေကေစစ်သွေးကြွကို တူရကီလေကြောင်းမှ တိုက်ခိုက်

**အန်ကာရာ အောက်တိုဘာ ၁၃**

အီရတ်နိုင်ငံမြောက်ပိုင်း ဇက်ဒေသတွင် တနင်္ဂနွေနေ့ညနေပိုင်းက ကာဒစ်ချ် အလုပ်သမားပါတီ (ပီကေကေ)အဖွဲ့ကို ဦးတည်ပြီး တူရကီစစ်လေယာဉ်များက ပစ်ခတ်ခဲ့သည်ဟု တူရကီစစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ပီကေကေအဖွဲ့ကို ဦးတည်၍ တူရကီစစ်လေယာဉ်များဖြင့် အောက်တိုဘာ ၄ရက်ကတည်းက တိုက်ခိုက်ခဲ့ရာ ယခုတစ်ကြိမ်သည် ခုနစ်ကြိမ်မြောက်ဖြစ်သည်ဟု တူရကီအထွေထွေအုပ်ချုပ်ရေးဝက်ဘ်ဆိုက်၌ တင်ပြထားသည်။

ဟက်ခ်ကာရီပြည်နယ်ဆမ်ဒင်လီမြို့ရှိ အက်တူတန်ဂျီဒါမီရီနယ်စပ်တပ်ဖွဲ့ကို အောက်တိုဘာ ၃ရက်တွင် အီရတ်မြောက်ပိုင်းရှိ ပီကေကေစစ်သွေးကြွများက တိုက်ခိုက်ခဲ့ရာ တူရကီတပ်ဖွဲ့ဝင် ၁၇ ဦးနှင့် ပီကေကေစစ်သွေးကြွ ၂၃ဦးတို့ သေဆုံးခဲ့သည်။ တူရကီတပ်ဖွဲ့များက ပီကေကေကို ဆက်လက်တိုးမြှင့်ချေမှုန်းသွားမည်ဟု သန္နိဋ္ဌာန်ချထားသည်။ ယခုနှစ်တွင် မကြာသေးမီက ဖြစ်ပွားသော တိုက်ပွဲသည် သေဆုံးမှု အများဆုံးတိုက်ပွဲဖြစ်သည်။ ***အင်တာနက်။***

## အီရတ်မှ ဗြိတိသျှတပ်ဖွဲ့များ ထွက်ခွာရန် အချိန်တန်ပြီဟုဆို

**လန်ဒန် အောက်တိုဘာ ၁၃**

အီရတ်နိုင်ငံတောင်ပိုင်းတွင်လုံခြုံရေး ထိန်းသိမ်းရန်အတွက် ဗြိတိသျှတပ်ဖွဲ့များကို မလိုအပ်တော့သဖြင့် ၎င်းတို့အနေဖြင့် နိုင်ငံမှထွက်ခွာရန် အချိန်တန်နေပြီဖြစ်သည်ဟု တနင်္လာနေ့က အီရတ်ဝန်ကြီးချုပ်နူရီအယ်လ်မာလီကီ၏ ပြောကြားချက်ကို တိုင်းမ်သတင်းစာက ကိုးကားဖော်ပြသည်။

ဝန်ကြီးချုပ်က တိုင်းမ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဗြိတိသျှတပ်ဖွဲ့များက အီရတ်တပ်ဖွဲ့များကို ၎င်းတို့၏အတွေ့အကြုံများအား လေ့ကျင့်သင်ကြားပေးရန်၊ အချို့သောနည်းနာများကို ကူညီပြသပေးရန် အတွက်သာ လိုအပ်တော့ကြောင်း ပြောကြားသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကိစ္စများ ဆက်ဆံရေးကိုသာ အလေးထားဆောင်ရွက်သွားရန် လိုသည်ဟု ပြောကြားသည်။

စီးပွားရေးအပြန်အလှန်ဖလှယ်ရေး၊ သိပ္ပံနှင့်ပညာရေးတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် ဗြိတိသျှကုမ္ပဏီများနှင့် ဗြိတိသျှမိတ်ဆွေများအတွက် အီရတ်နိုင်ငံက တံခါးဖွင့်ပေးထားကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့သည် ယမန်နှစ်ကဘာဆရာမြို့တောင်ပိုင်းရှိ ၎င်းတို့၏စစ်စခန်းမှထွက်ခွာ၍ လေဆိပ်နှင့်မြို့စွန်တွင် သွားရောက်စခန်းချခြင်းအားဖြင့် ၎င်းတို့သည်အီရတ်အရေးတွင် လှုပ်ရှားတက်ကြွမှုအနည်းဆုံးအဖြစ် ရှုမြင်ခြင်းကို ဝန်ကြီးချုပ်က ရည်ညွှန်းပြောဆိုခဲ့သည်။

ဆူပူသောင်းကျန်းမှုများနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းမှ ရှောင်ခွာ သွားခြင်းသည် ရာဇဝတ်ဂိုဏ်းများနှင့် စစ်သွေးကြွ လက်နက်ကိုင်များကို မြို့တော်အား ထိန်းချုပ်ရန် အခွင့်အရေးပေးသည့်နှယ် ဖြစ်သည်ဟု မာလီကီက ပြောကြားသည်။

လူငယ်များသည်ဓားများကိုင်ဆောင်ကာအမျိုးသမီးနှင့် ကလေးများကို သတ်ဖြတ်သည်အထိ အကျင့်စာရိတ္တပျက်စီးရသော အခြေအနေများ ဖြစ်ပွားလျက်ရှိကြောင်း မာလီကီက ပြောကြားသည်။

ဘာဆရာမြို့မှ ပြည်သူများက မြို့တော်အား ပြန်လည်ထိန်းသိမ်းအုပ်ချုပ်ပေးရန် အီရတ်တပ်ဖွဲ့များအား အကူအညီတောင်းခံလာကြသည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်မြောက်ပိုင်း ဗုံးခွဲတိုက်ခိုက်၊ ခုနစ်ဦးသေ

**မိုလ်ဆူး အောက်တိုဘာ ၁၃**

အီရတ်နိုင်ငံ မိုလ်ဆူးတွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ နှစ်ကြိမ်တိုင်တိုင် ဗုံးခွဲတိုက်ခိုက်ရာ ခုနစ်ဦးသေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။

မိုလ်ဆူးမြို့တော်၏ အနောက်ပိုင်းခရိုင်တွင် ညနေ ၆ နာရီခန့်တွင် အသေခံဗုံးခွဲသမားသည် ဖောက်ခွဲရေးခဲယမ်းများ တင်ဆောင်ထားသည့် ၎င်း၏ကားကို ဖောက်ခွဲခဲ့ကြောင်း၊ အမေရိကန်ကင်းလှည့်တပ်ဖွဲ့များကို ပစ်မှတ်ထားဟန်တူကြောင်း ၎င်းရဲတပ်ဖွဲ့မှ အမည်မဖော်လိုသူက ပြောကြားသည်။

ထိုတိုက်ခိုက်မှုကြောင့် အီရတ်အရပ်သား ငါးဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အထိအခိုက်ရှိ၊ မရှိကိုမူ ရှင်းလင်းစွာ မသိရှိရပေ။

ယင်းပေါက်ကွဲမှုအပြီး နောက်ထပ်တစ်နာရီကျော်အကြာတွင်ဇန်ဂျီလီခရိုင်တွင် ကားဗုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသည်။ ဘဂ္ဂဒက်မြို့မှ ကီလိုမီတာ ၄၀၀ ကွာဝေးသော မိုလ်ဆူးမြို့တွင် လုံခြုံရေးအများဆုံး ချထားသော်လည်း အကြမ်းဖက် တိုက်ခိုက်မှုများ မကြာခဏပေါ်ပေါက်လျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အီရတ်နှင့် အာဖဂန်နောက်ဆုံးရသတင်းများ



**အီရတ်နိုင်ငံ ကီကွတ်မြို့တွင် ဗုံးဖြင့်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်တောင်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၃**

အီရတ်နိုင်ငံတောင်ပိုင်း မေဆန်ပြည်နယ်၏ မြို့တော်အမရာတွင် လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါ သေဆုံးသူတပ်ဖွဲ့ဝင်သည် နိုင်ငံစုံတပ်မတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ စနေနေ့က ဘဂ္ဂဒက်မြို့မှ အရှေ့တောင်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာရှိ အမရာမြို့တွင် ၎င်းတပ်ဖွဲ့ဝင်၏ မော်တော်ယာဉ်အနီး၌ ဗုံးပေါက်ကွဲခဲ့ခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်။ ထိုတပ်ဖွဲ့ဝင်၏ အမည်ကို ထုတ်ဖော်ကြေညာခြင်းမပြုပေ။

ယခုတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးမှုအပါအဝင် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံအား ကျူးကျော်ခဲ့ကတည်းက အမေရိကန်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုမှာ ၄၁၈၁ ခန့် ရှိပြီဖြစ်ကြောင်း ပင်တဂွန်မှ ကိန်းဂဏန်းများကို အခြေခံ၍ သတင်းဌာနများက တွက်ချက်ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## တရုတ်၌ ယခုနှစ် ကောက်ပဲသီးနှံ အထွက်နှုန်း တိုးမည်

**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်တွင်လည်း သီးနှံထုတ်လုပ်မှုနှုန်းများ တိုးမည်ဖြစ်၍ ငါးနှစ်မြောက်အဖြစ် အထွက်နှုန်း ဆက်တိုက်တိုးလာခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန(အမ်အိုင်အေ)ကအောက်တိုဘာ ၁၁ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ယခုအခါ တရုတ်နိုင်ငံတွင် ဆောင်းဦးရာသီသီးနှံ၏ ၈၀ ရာခိုင်နှုန်းနီးပါးကို ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ရာ အထွက်နှုန်းအခြေအနေအရ ၂၀၀၈ ခုနှစ်သည်များစွာအထွက်ကောင်းမည့်နှစ် ဖြစ်မည့်အနေအထား ရှိသည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ကနဦး ကောက်ပဲသီးနှံအထွက်စာရင်းများအရ ၂၀၀၈ ခုနှစ်အထွက်သည် တန်ချိန်အားဖြင့် ၅၁၁ ဒသမ ၅သန်း ရှိမည်ဟု ခန့်မှန်းရရှိသည်။ ထိုအထွက်ပမာဏသည် ၂၀၀၇ခုနှစ်အထွက်ပမာဏထက်တန်ချိန်၁၀သန်း ပိုမိုလာခြင်း ဖြစ်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များအပါအဝင်နိုင်ငံတကာစီးပွားရေးအခက်အခဲပြဿနာများ၏ ဂယက်ရိုက်ခတ်မှု ခံခဲ့ရသော်လည်း ကောက်ပဲသီးနှံ အထွက်နှုန်းမှာမူ တိုးတက်မှုများပြားခဲ့သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

## နို့မှုန့်တွင် မယ်လမင်းပါဝင်မှု ပတ်သက်သည့်ကုမ္ပဏီများ တောင်းပန်

**ပေကျင်း အောက်တိုဘာ ၁၃**

နို့နှင့် နို့မှုန့်များတွင် အဆိပ်အတောက်ဖြစ်စေသော ဓာတ်ပစ္စည်းပါရှိသည်ဟု သတင်းထွက်ပေါ်လာပြီးနောက် တရုတ်နိုင်ငံထုတ် နို့ထွက်ပစ္စည်းကုမ္ပဏီသုံးခုက ပြည်သူလူထုအား လူသိရှင်ကြား တောင်းပန်ခဲ့ကြောင်း သိရသည်။

ယင်းနို့နှင့်နို့မှုန့်များကို သောက်သုံးမိခြင်းကြောင့်အနည်းဆုံး ကလေးငယ်လေးဦး သေဆုံးခဲ့ရပြီး ကမ္ဘာတစ်ဝန်းပျံ့နှံ့နေသည့် တရုတ်နိုင်ငံထုတ် နို့ထွက်ပစ္စည်းများကို ဈေးကွက်မှ ပြန်လည် သိမ်းဆည်းခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

မွန်ဂိုလီးယားပြည်နယ်မှ ရီလီကုမ္ပဏီ၊ မန်နီယု နို့ထွက်ပစ္စည်းကုမ္ပဏီနှင့် ဗြိတိန် နို့ထွက်ပစ္စည်းကုမ္ပဏီတို့သည် ယင်းတို့၏ နို့ထွက်ပစ္စည်းများထဲ၌ မသန့်ရှင်းသည့် မယ်လမင်းဓာတ်ပစ္စည်း ပါဝင်သည်ကို အစောပိုင်းကတည်းက တွေ့ရှိထားပြီးဖြစ်သည်။ ၎င်းတို့သည် ယင်းဓာတ်ပစ္စည်းအား အာဟာရဓာတ် ပါဝင်နှုန်း စစ်ဆေးမှုတွင် လိမ်လည်လှည့်ဖြားရန်အတွက် အသုံးချခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယင်းကဲ့သို့ နို့ထွက်ပစ္စည်းများတွင် အဆိပ်အတောက်ဖြစ်စေသည့် မယ်လမင်းဓာတ်ပစ္စည်း ပါဝင်သည်ဟု သတင်း ထွက်ပေါ်လာပြီးနောက် ကုမ္ပဏီများ၏ ရှယ်ယာဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းလာခဲ့သည်။ ထို့အပြင် စီတယ်ဘေ့စ် ကုမ္ပဏီမှလည်း ပြီးခဲ့သောလက ဆိုင်များ၌ တင်ထားသည့် နို့ထွက်ပစ္စည်းများကို ပြန်လည် သိမ်းဆည်းခဲ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။

ယင်းသို့ ဖြစ်ပွားခဲ့ရခြင်းကြောင့် ပြည်သူများ ထိခိုက်ခဲ့ရသည်ကို ၎င်းမှာ လွန်စွာဝမ်းနည်းရကြောင်း မန်နီယု အရောင်းမန်နေဂျာချုပ် ဇာအိုယူအန်ဟွာက နိုင်ငံပိုင် ရုပ်မြင်သံကြား၌ ပြောကြားသွားချက်ကို ကိုးကား၍ တနင်္လာနေ့ထုတ် ပေကျင်းသတင်းစာ၌ ဖော်ပြထားသည်။

ယခုအခါ နို့ထွက်ပစ္စည်းများ၏ အရည်အသွေးကိုထိန်းချုပ်ရ၍ စရိတ်စက ပိုမိုမြင့်တက်လာသော်လည်း ကုန်ပစ္စည်းများ၏ ဈေးနှုန်းများကို မြှင့်တင်သွားမည် မဟုတ်ကြောင်း ရီလီ၊ မန်နီယုနှင့် ဗြိတိန် နို့ထွက်ပစ္စည်း ကုမ္ပဏီများမှ အုပ်ချုပ်ရေးမှူးများက ပြောကြားသည်။

ထိုအဆိပ်အတောက်ဖြစ်စေသော နို့ထွက်ပစ္စည်းများကို သောက်သုံးခြင်းကြောင့် လသားအရွယ် ကလေးနှင့်ကလေးငယ်ပေါင်း ၁၀၇၀၀နီးပါးမှာ ဆေးရုံတက်လိုက်ရကြောင်း တရုတ် ကျန်းမာရေး ဝန်ထမ်းများက ပြီးခဲ့သောအပတ်တွင် ပြောကြားသွားသည်။ ထို့ပြင် ကလေးငယ်ပေါင်း ၃၆၀၀၀ ကျော်မှာလည်း ဆေးကုသမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းသွားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ကိစ္စများထွက်ပေါ်လာပြီးနောက် တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းများဖြစ်သည့်အစားအစာနှင့် ဆေးဝါးနှင့် အရုပ်များ အစရှိသည့် ပစ္စည်းများ၏ အရည်အသွေးကို ယုံကြည်စိတ်ချရပါမည်လောဟု စိုးရိမ်နေရပြီဖြစ်သည်။ ထို့ကြောင့် တရုတ်အာဏာပိုင်များက နို့ထွက်ပစ္စည်းများနှင့် ပတ်သက်ပြီးအရည်အသွေး ထိန်းချုပ်ရန် တင်းကျပ်သည့် စည်းမျဉ်းများကို ထုတ်ပြန် ဆောင်ရွက်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အိုဘားမားက မက်ကိန်းအား အသာစီးရနေ

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပို့စ်သတင်းစာနှင့် အေဘီစီနယူးစ်တို့မှ ကောက်ယူသောစစ်တမ်းကို တနင်္လာနေ့က ထုတ်ပြန်ရာတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဘာရက်အိုဘားမားသည် ရီပတ်ဘလီကန်မှ ပြိုင်ဘက် ဂျွန်မက်ကိန်းအား ၅၃ ရာခိုင်နှုန်း၊ ၄၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေကြောင်း ဖော်ပြထားသည်။

အင်္ဂါနေ့ည သမ္မတလောင်းနှစ်ဦး စကားစစ်ထိုးပွဲအပြီးတွင် ကောက်ယူသော စစ်တမ်းအရ စက်တင်ဘာလစောစောပိုင်းကထက် ၆ ရာခိုင်နှုန်း တိုးလာပြီး ၆၄ ရာခိုင်နှုန်း မဲဆန္ဒရှင်များသည် အိုဘားမားဘက်မှ အလေးသာသည်ဟု ရှုမြင်ကြသည်။ နိုဝင်ဘာ ၄ရက် ရွေးချယ်ပွဲမတိုင်မီ နောက်ဆုံးစကားစစ်ထိုးပွဲကို ဗုဒ္ဓဟူးနေ့တွင် ကျင်းပသွားရန်ရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဘရာဇီးသမ္မတ စပိန်သို့ သွားရောက်လည်ပတ်

**မဒရစ် အောက်တိုဘာ ၁၃**

နှစ်နိုင်ငံအကျိုးတူဆောင်ရွက်မည့်ကိစ္စများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် မျက်မှောက်ကာလ ရင်ဆိုင်နေရသော ငွေကြေးပြဿနာများကို ဆွေးနွေးရန် ဘရာဇီးသမ္မတ လူဝစ်အင်နာဆီယိုလူလာဒါဆီးဗားသည် စပိန်နိုင်ငံသို့ အောက်တိုဘာ ၁၂ရက်တွင် ရောက်ရှိလာသည်။

၎င်းသည် စပိန်၌ရှိစဉ် ဝန်ကြီးချုပ် ဂျို့စ်လူဝစ်ရောဒရီဂေါ်ဇ်ဇာ ပါတီရိုနှင့် တွေ့ဆုံကာ နှစ်နိုင်ငံ အကျိုးတူကိစ္စများ၊ ဘဏ္ဍာရေးပြဿနာများ၊ ဒိုဟာကုန်သွယ်မှုကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်။

ထို့အပြင် စပိန်ဘုရင်ဂျွန်ကားလို့စ်က အပ်နှင်းမည့် ဒွန်ကွီဂျုတ်ဘွဲ့ကိုလည်း ဘရာဇီးသမ္မတက လက်ခံယူမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဓာတုပစ္စည်းယိုဖိတ်မှု ဖြစ်ပွား လူ ၂၅၀၀ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**ပီထရိုလီးယား အောက်တိုဘာ ၁၃**

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း ပင်ဆယ်လ်ဗေးနီးယား အနောက်ပိုင်းရှိ ဓာတုပစ္စည်းစက်ရုံ တစ်ရုံမှ အန္တရာယ်ရှိသည့် ဓာတုအရည်များ အောက်တိုဘာ ၁၁ရက်က ယိုဖိတ်မှုကြောင့် ပြည်သူ ၂၅၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အဆိုပါ ဓာတုအရည်များသည် အဆိပ်ဖြစ်စေသော ဓာတ်ငွေ့များအဖြစ် ပျံ့လွင့်သွားသည့်အတွက် အနည်းဆုံးသုံးဦးမှာ အသက်ရှူခက်ခဲသောဝေဒနာခံစားရသဖြင့် ကုသပေးခဲ့ရသည်။

ပီထရိုလီးယားဒေသရှိဓာတုစမ်းသပ်စက်ရုံ၏ သိုလှောင်ကန်တစ်ခုအတွင်းမှ ဆာလ်ဖျူရစ်အက်စစ် ကဲ့သို့သော ဂုဏ်သတ္တိရှိသည့် အိုလီယမ်ဓာတ်ပစ္စည်းများ ယိုဖိတ်ခဲ့ခြင်းဖြစ်သည်ဟု ယင်းစက်ရုံမှ မန်နေဂျာ ဒေးဗစ်ဒါကိုက ပြောကြားသည်။

ယင်းဓာတုအရည်များသည်အသက်ရှူလမ်းကြောင်းကို ထိခိုက်စေသည့် အပြင် အရေပြားများကိုပါ လောင်ကျွမ်းစေနိုင်သည့်အတွက် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနအနေဖြင့် စိုးရိမ်ပူပန်လျက် ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဖရီဒါတာဘယ်လ်က ပြောကြားသည်။

အဆိုပါ ဒေသတွင် နေထိုင်သူ ၂၅၀၀ခန့်အား သုံးမိုင်ခန့်အကွာသို့ ပြောင်းရွှေ့နေထိုင်ကြရန် အစိုးရက သတိပေးချက် ထုတ်ပြန်ထားသည်။ ယင်းဒေသရှိ လေထုအား သက်ဆိုင်ရာက စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး ဒေသခံများအနေဖြင့် တစ်ရက်နှစ်ရက်အတွင်း နေအိမ်များသို့ ပြန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ ၂၅၀ခန့်အား ဝါရှင်တန်နှင့် ဘာဂူအင်ဒေသများတွင် ရှိသော ဒုက္ခသည်စခန်းများသို့ ပို့ဆောင်ပေးထားသည်။ ***အင်တာနက်။***



## MP-3 ကို အသံမြှင့်၍ ကြာရှည်စွာနားထောင်လျှင် သောတအာရုံ ထိခိုက်ပျက်စီးနိုင်ကြောင်း လေ့လာတွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၁၃**

MP-3 ကဲ့သို့သော နားကြပ်သုံး၍ နားထောင်ရသော တစ်ကိုယ်ရေသုံး ဂီတနားဆင်ရသည့် ကိရိယာကို အသံကျယ်လောင်စွာ မြှင့်တင်၍ သီတင်းတစ်ပတ်လျှင် ငါးနာရီကြာ နားထောင်လေ့ရှိသူများ အနေဖြင့် သောတအာရုံကိုပျက်စီးစေနိုင်ကြောင်း သုတေသန လေ့လာချက်က တွေ့ရသည်။

အင်ဂျင်နီယာသိပ္ပံကော်မတီမှ ပညာရှင်ကိုးဦးပါဝင်သောအဖွဲ့က အထက်ပါတွေ့ရှိချက်ကို ဖော်ထုတ်တွေ့ရှိခြင်းဖြစ်ပြီး ယင်းတွေ့ရှိချက်ကို လာမည့်တနင်္လာနေ့တွင် ထုတ်ဖော်တင်ပြမည်ဖြစ်ကြောင်း သိရသည်။

ထိုအမျိုးအစား ဂီတနားဆင်ကိရိယာကို လူငယ်အများအပြား အသုံးပြုကြသည်ဖြစ်ရာ ယင်းကိရိယာကြောင့် နားကြားနိုင်စွမ်းအာရုံ ပျက်စီးရသည့် ဒုက္ခကို လူငယ်များအနေဖြင့် နှစ်ကြာလာသောအခါ ခံစားကြရဖွယ်ရှိသည်ဟု ပညာရှင်များအဖွဲ့ကို ကိုးကား၍ အင်တာနေရှင်နယ်ဟာရယ်ထရီဗျူး သတင်းစာက ရေးသားသည်။

တစ်ကိုယ်ရေနားသောတဆင်သော ဂီတကိရိယာကို အသံမြှင့်၍ အသုံးပြုသောလူငယ်များအနေဖြင့်နှစ်တိုကာလအတွင်း ရောဂါလက္ခဏာကို တွေ့ရမည်မဟုတ်သော်လည်းကာလရှည်လာသောအခါ သောတအာရုံကို ထိခိုက်လာမည်ဟုဆိုသည်။ လူငယ်များအနေဖြင့် နှစ်နှင့်ချီ၍ ထိုကိရိယာကို အသုံးပြုမည်ဆိုလျှင် အသက် ၂၀ ကျော်အရွယ်သို့ ရောက်လာကြလျှင် နားထိခိုက်လာသည်ကို တွေ့ကြရဖွယ်ရှိကြောင်း သုတေသီများက သုံးသပ်ထားသည်။ ***အင်တာနက်။***

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ရှန်ဂရီလာဒေသရှိ ပိုတက်ဆို အမျိုးသား ဥယျာဉ်၌ ရှဉ့်ငယ်တစ်ကောင်အား အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အိန္ဒိယနိုင်ငံ မြို့တော်ဒေလီတွင် သွေးလွန်တုပ်ကွေးရောဂါသည် ၈၀၀ကျော်ရှိလာ

**နယူးဒေလီ အောက်တိုဘာ ၁၃**

အိန္ဒိယနိုင်ငံဒေလီမြို့တွင် နေထိုင်သူများအနက် သွေးလွန်တုပ်ကွေးရောဂါသည် အရေအတွက်မှာ ၈၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း သက်ဆိုင်ရာအရာရှိများကအောက်တိုဘာ ၁၂ရက်တွင် ပြောကြားသည်။

ထိုမြို့တွင် ယခင်နှစ်က သွေးလွန်တုပ်ကွေးဖြစ်ပွားသော ရောဂါသည် အရေအတွက်သည် ၅၄၈ ဦးသာ ရှိသော်လည်း ယခုနှစ် လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေး ဖြစ်ပွားသူလူနာ အရေအတွက်သည် ၈၀၉ ဦး ရှိသွားပြီဖြစ်ကြောင်း ဒေလီမြို့ ကျန်းမာရေးအရာရှိဒေါက်တာအင်ကေယာဒေဗ်က ပြောကြားသည်။ အောက်တိုဘာ၁၂ရက်တစ်နေ့တည်းတွင်အသစ်ရောက်ရှိလာသော သွေးလွန်တုပ်ကွေးရောဂါသည်အရေအတွက်မှာ ၁၄ ဦး ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ဂျီးရီးယားရှိ ကာဒူနာလေဆိပ် လေယာဉ်ပြေးလမ်း ပြုပြင်ရန် ခေတ္တပိတ်မည်

**လာဂို့ အောက်တိုဘာ ၁၃**

နိုင်ဂျီးရီးယားနိုင်ငံမှ ကာဒူနာလေဆိပ်အား လေယာဉ်ပြေးလမ်း ပြုပြင်တည်ဆောက်ရန် အတွက် အောက်တိုဘာ ၁၃ရက်မှ စတင်ကာ ၁၀ရက်ကြာ ပိတ်ထားမည် ဖြစ်ကြောင်း နိုင်ဂျီးရီးယား အပြည်ပြည်ဆိုင်ရာ လေဆိပ် အာဏာပိုင်အဖွဲ့ (အက်ဖ်အေအေအန်)နှင့် မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့ (အန်စီအေအေ)က ပြောကြားသည်။

### ဆိုးရွား

အဆိုပါလေဆိပ်သည် နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် အဓိကကျသော လေဆိပ်တစ်ခု ဖြစ်ပြီး လေယာဉ်ပြေးလမ်းများမှာ လေယာဉ်များအတွက် အန္တရာယ်ရှိလောက်အောင် ဆိုးရွားစွာ ပျက်စီးလျက်ရှိနေကြောင်း နိုင်ဂျီးရီးယားသတင်းအဖွဲ့က အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

### ဖွင့်လှစ်

ယင်းလေယာဉ်ပြေးလမ်း ပြုပြင်တည်ဆောက်ရေးလုပ်ငန်းအား ပီဒဗလျူ ဆောက်လုပ်ရေးကုမ္ပဏီသို့ ဌားရမ်းတာဝန်ပေးထားပြီး လေယာဉ်ပြေးလမ်းအား မြေညှိခြင်း၊ မြေဖို့ခြင်းနှင့်ကတ္တရာခင်းခြင်းတို့ကိုဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ လေဆိပ်အား အောက်တိုဘာ ၂၃ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**မက္ကဆီကိုနိုင်ငံ တက္ကဆက်ပြည်နယ် ကွန်ရိုးဒေသ တောအုပ်အတွင်း ရဟတ်ယာဉ်ပျက်ကျသည့် နေရာအား ပြည်နယ်တပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*




## သဘာဝဘေးအန္တရာယ်သတင်းများ



## ကိုလံဘီယာ၌ ရေကြီး၍ မြေပြို ပြည်သူ ၁၀၀၀၀၀ကျော် ဘေးဒုက္ခကြုံတွေ့

**ကော်ဒိုဘာ အောက်တိုဘာ ၁၃**

ကိုလံဘီယာနိုင်ငံအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုခြင်းနှင့် ရေကြီးခြင်းတို့ကြောင့် ပြည်သူ ၁၀၀၀၀၀ ကျော် ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရသည်။ ကော်ဒိုဘာဒေသမြောက်ပိုင်းတွင် ရေဘေးဒဏ်မှာ အဆိုးရွားဆုံးရင်ဆိုင်နေရသည့်အဖြစ်ဟုဆိုသည်။ **(အပေါ်ပုံ)**

ကော်ဒိုဘာဒေသမှ ပြည်သူ ၁၇၀၀၀ကျော်တို့အား ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်။ ယခုရက်သတ္တပတ်အတွင်း မိုးရွာသွန်းမှု လျော့နည်းမည်ဟု ခန့်မှန်းထားသော်လည်း ဆန်ဂျော့နှင့် ဆီနူမြစ်တို့ ဝန်းကျင်ရှိဒေသများ၌ ရေကြီးနေဆဲဖြစ်သည်။

ကိုလံဘီယာနိုင်ငံ၏ ထက်ဝက်ကျော်သည် ရာသီဥတုဖောက်ပြန်သည့်ဒဏ်ကို ကြုံတွေ့နေရသည်။ ***အင်တာနက်။***



**လော့စ်အိန်ဂျလိစ်မြို့မြောက်ဘက် မိုင် ၂၀ အကွာရှိ တောမီးလောင်ကျွမ်းနေသည့် လစ်တဲလ် တူဂျန်ဂါကင်ရုံတွင် အောက်တိုဘာ ၁၂ ရက်က မီးသတ်လေယာဉ်မှ မီးငြိမ်းသတ်နေစဉ်။**

## ကယ်လီဖိုးနီးယား၌ သစ်တောဧက ၂၀၀၀ကျော် မီးလောင်ကျွမ်း

**လော့အိန်ဂျလိစ် အောက်တိုဘာ ၁၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းအတွင်း အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းက သစ်တောဧက ၂၀၀၀ကျော်၌ တောမီးလောင်မှုဖြစ်ပွားရာ အိမ်တစ်လုံးပျက်စီးခဲ့ပြီး လူ ၁၂၀၀ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ မီးသတ်သမားများက မီးငြိမ်းသတ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါသစ်တောမီးသည် လစ်တဲလ်တူဂျန်ဂါကင်ရုံရှိ လော့စ်အိန်ဂျလိစ် အမျိုးသားသစ်တောအနီး နံနက် ၂ နာရီခန့်က စတင်ခဲ့ကြောင်း အမေရိကန်သစ်တောဌာနက ပြောကြားသည်။

လေသည် ဆန်ဖာနန်ဒိုဗယ်လေအရှေ့ဘက်ကင်ရုံဒေသ၌ တစ်နာရီမိုင် ၅၀ကျော်နှုန်းဖြင့် တိုက်ခတ်နေရာ သစ်တောထူထပ်သော အနောက်ဘက်ဒေသသို့ ကူးစက်လောင်ကျွမ်းခဲ့သည်။ ***အင်တာနက်။***

## တရုတ်၊ တာဂျီကစ္စတန်၊ ကာဂျစ္စတန် နယ်စပ်၌ အင်အားအသင့်အတင့်ငလျင်လှုပ်

**ပေကျင်း အောက်တိုဘာ ၁၃**

တရုတ်၊ တာဂျီကစ္စတန်နှင့် ကာဂျစ္စတန်နိုင်ငံ နယ်စပ်ဒေသတွင် အောက်တိုဘာ ၁၃ရက် ညနေ ၅နာရီ ၂၃မိနစ်က ရစ်ခ်ျတာစကေး ၅ဒသမ ၃အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း တရုတ်ငလျင်တိုင်းတာရေးဌာနက ပြောကြားသည်။ ယင်းငလျင်ကြောင့် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။

ငလျင်၏ ဗဟိုသည် မြောက်လတ္တီတွဒ် ၃၉ဒသမ ၅ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၇၃ဒသမ ၉ဒီဂရီ အကြား၌ တည်ရှိကြောင်း ယင်းဌာနက ပြောကြားသည်။ ***အင်တာနက်။***

# မြန်မာ့ယဉ်ကျေးမှုသမိုင်းစဉ်နှင့် သမိုင်းအကြိုခေတ် ပျူယဉ်ကျေးမှု အထောက်အထားများ

ဦးစန်းဝင်း
(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုသမိုင်းစဉ်အရ ရှည်လျား၍ ခိုင်မာသော သမိုင်းကြောင်းနှင့် ဖြစ်တည်လာသောနိုင်ငံ ဖြစ်သည်နှင့်အညီ၊ မြန်မာလူမျိုးများသည်လည်း မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် လူသားမျိုးနွယ်အဖြစ် စတင်ဖြစ်ထွန်း ပေါ်ပေါက်လာသည်မှအစပြု၍ မြန်မာ့ယဉ်ကျေးမှုနယ်ပယ် ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း မြေပေါ်မြေအောက်သက်သေများ ထင်ရှားထုတ်ဖော်ပြသနိုင်ခဲ့ပြီဖြစ်ပါသည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ ယဉ်ကျေးမှုများ ထွန်းကားခဲ့သော သမိုင်းမတင်မီခေတ်ကိုလည်းကောင်း၊ သံခေတ်ယဉ်ကျေးမှုနှင့် မြို့ပြယဉ်ကျေးမှုမှစတင်သည့် ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ သမိုင်းအကြိုခေတ်ကိုလည်းကောင်း၊ ပုဂံခေတ်ဦးကာလ အေဒီ ၁၀၄၄ ခုနှစ်မှ စတင်ခဲ့သော သမိုင်းတင်ခေတ်အသီးသီးကိုလည်းကောင်း ဖြတ်သန်းလျက် မျက်မှောက်ကာလသို့တိုင်အောင် မြန်မာ့ယဉ်ကျေးမှုသည် အမျိုးသားရေးစရိုက်လက္ခဏာများနှင့်အတူ ယှဉ်တွဲထင်ဟပ် ထွန်းကားလျက်ရှိပါသည်။

လူမှုရေးဦးတည်ချက်(၄)ရပ်အနက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟူသော ဦးတည်ချက်များနှင့်အညီ ရှေးဟောင်းပျူလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ်နေရာဒေသများ၊ အဆောက်အအုံများ၊ ယဉ်ကျေးမှု ဝတ္ထုပစ္စည်းများအား ဖော်ထုတ်လျက် ပျူလူမျိုးများ အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုဖြင့် ရပ်တည်နေထိုင်ခဲ့ကြသည်ကို အခိုင်အမာ သက်သေပြနိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်ပျူယဉ်ကျေးမှုဒေသများဖြစ်သည့် မိုင်းမောမြို့ဟောင်းနှင့် ဟန်လင်းမြို့ဟောင်းတို့ကို ပြန်လည်၍ သုတေသနပြု တူးဖော်လျက်ရှိပါသည်။

မြန်မာတို့၏ မြို့ပြယဉ်ကျေးမှု စတင်ထွန်းကားခဲ့ရာ ပျူယဉ်ကျေးမှု ဒေသများဖြစ်သော ဗိဿနိုး၊ တကောင်း၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမောမြို့များကို တူးဖော်သုတေသနပြုပြီး ခိုင်မာသောသုတေသန တွေ့ရှိချက်များကို ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်ဇွန်လတွင်ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း) မန္တလေးဌာနခွဲမှ ပျူမြို့ဟောင်းများဖြစ်သော မိုင်းမောမြို့ဟောင်းနှင့် ဟန်လင်းမြို့ဟောင်းကို တူးဖော်သုတေသနပြုခဲ့ပါသည်။



ဟန်လင်းမြို့ဟောင်း ကုန်းအမှတ် (၂၈)ကို တူးဖော် သုတေသနပြုနေပုံ။

## ဟန်လင်းမြို့ဟောင်းတူးဖော်မှု

ဟန်လင်းမြို့ဟောင်းသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း မြောက်လတ္တီကျူ ၂၂ ဒီဂရီ ၂၈ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၅ ဒီဂရီ၊ ၄၉ မိနစ်အကြား ဟန်လင်းရွာတွင်ရှိပြီး မန္တလေး-ရွှေဘို မော်တော်ကား လမ်းပေါ်ရှိ စိုင်နိုင်ကွေ့မှ အရှေ့ဘက် ၁၁ မိုင်ခန့်၊ ရွှေဘိုမြို့မှ အရှေ့တောင်ဘက် ၁၀ မိုင် ငါးဖာလုံအကွာတွင် တည်ရှိပါသည်။ ဟန်လင်းမြို့ဟောင်း၏ မြို့ရိုးမှာ စတုဂံပုံဖြစ်၍ တောင်မြောက်အလျား ပေ ၉၆၀၀ နှင့် အရှေ့အနောက်အနံပေ ၅၈၀၀ ခန့်ရှိပါသည်။



မိုင်းမောမြို့ဟောင်း ကုန်းအမှတ် (၁၂)မှ လက်စင်းရာပါ ပျူခေတ်အုတ်ချပ်ကြီးများကို တွေ့မြင်ရပုံ။

ဟန်လင်းမြို့ဟောင်းကို ၁၉၀၅ ခုနှစ်က စမ်းသပ်တူးဖော်မှု တစ်ကြိမ်ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ၁၉၆၁-၁၉၆၂ ခုနှစ်မှ ၁၉၆၆ ခုနှစ်တိုင်အောင် ကုန်းအမှတ်(၂၄)အထိ တူးဖော်သုတေသနပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကုန်းအမှတ်(၂၅)နှင့်(၂၆)ကို တူးဖော်သုတေသနပြုရာ ကြေးခေတ်လက်နက်များနှင့် အရိုးစုများကို တူးဖော်သုတေသနပြုနိုင်ခဲ့ပါသည်။ ယင်းတို့အနက် ကုန်းအမှတ် (၂၅)မှ မြေအနက် ခုနစ်ပေခွဲခန့်တွင် အသက် ၄၀ မှ ၅၀ အတွင်းရှိမည့် အမျိုးသမီးတစ်ဦး၏ တစ်ဝက်တစ်ပျက်ကျောက်ဖြစ်နေသော Semi-fossilized ရုပ်အလောင်းကို တွေ့ရှိခဲ့ပါသည်။ ပညာရှင်တို့က လွန်ခဲ့သော သက်တမ်းနှစ်ပေါင်း ၅၀၀၀ ခန့်က ဖြစ်ကြောင်း အတည်ပြုခဲ့ကြပါသည်။ ယင်းကုန်းအမှတ်(၂၅)နှင့် (၂၆)တို့အား Site Museum အဖြစ် ထိန်းသိမ်းစောင့်ရှောက် ပြသထားပါသည်။ ယခု ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဟန်လင်းမြို့ဟောင်းအား ကုန်းအမှတ်(၂၇)နှင့်(၂၈)ဟူ၍ ကုန်းနှစ်ကုန်းကို ဆက်လက်သုတေသနပြု တူးဖော်လျက်ရှိပါသည်။

ဟန်လင်းမြို့ဟောင်း ကုန်းအမှတ်(၂၇)သည် ဟန်လင်းမြို့ဟောင်း မြောက်ဘက်မြို့ရိုး၏တောင်ဘက် ကိုက် ၁၅၀ ခန့်အကွာ တွင်တည်ရှိပြီး တူးဖော်သုတေသနပြုရာတွင် ပေါ်ထွက်လာသော အုတ်အဆောက်အအုံသည် အရှေ့ဘက်တွင် ဦးမာထင်၏ ယာကွက်၊ အနောက်ဘက်တွင် ဦးဘချို၏ကြံခင်းယာကွက်အတွင်းတွင် တည်ရှိပါသည်။ ယင်းနေရာအား တူးဖော်သုတေသနပြုရာ တောင်မြောက်တန်းလျက် အုတ်ရိုးတန်းတစ်ခုကို စတင်တွေ့ရှိရပြီး ယင်းအုတ်ရိုးတန်းမှာ ပေ ၂၀၀ ခန့်ရှည်ပြီး အကျယ် (သုံးပေ၊ ခြောက်လက်မ)နှင့် မြောက်ဘက်ထောင့်ချိုး နေရာတွင် အရှည် ရှစ်ပေရှိ၍ အနောက်ဘက်သို့ ပေ ၃၀၀ ခန့် ထပ်မံပေါ်ထွက် လျက်ရှိပါသည်။ အုတ်ရိုးတန်းမဆုံးသေးသည့်အတွက် ဆက်လက်တူးဖော် သုတေသနပြုနေဆဲဖြစ်ပါသည်။ ယင်းအဆောက်အအုံ၏ တောင်ဘက်ခြမ်းအုတ်လွှားများမှာ ခုနစ်လွှားရှိ၍ မြောက်ဘက်ခြမ်းအုတ်လွှားများမှာ ကိုးလွှားရှိပါ သည်။ တူးဖော်တွေ့ရှိရသော ပန္နက်အုတ်ရိုးများအရ ၁၉၆၃ မှ ၁၉၆၆ ခုနှစ်အတွင်းက တူးဖော်သုတေသနပြုခဲ့ သော အမှတ်(၉)ကုန်း အဆောက်အအုံထက် ပိုမိုကြီးမားပြီး အုတ်လွှားအရေအတွက်လည်း ပိုမိုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

ဟန်လင်းမြို့ဟောင်းကုန်းအမှတ်(၂၈)သည် မြို့ဟောင်း၏ အနောက်တောင်ဘက် တစ်မိုင်ခန့်၊ ဟန်လင်းကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ရွှေဘို-ဝက်လက်လမ်း စိုင်နိုင်ကွေ့၊ ဟန်လင်းရွာအဝင်လမ်း၏ မြောက်ဘက်ပေ ၃၀၀ ခန့်အကွာ ယာရှင်ဦးကျော်ငွေ၏ ယာကွက်တွင် တည်ရှိပါသည်။ ယင်းနေရာအား တူးဖော်သုတေသနပြုရာ မြေအနက်သုံးပေအရောက်တွင် အရှေ့ဘက် ဦးခေါင်းလှည့် ရုပ်အလောင်းနှစ်ခုကို တွေ့ရှိရပါသည်။ ယင်းရုပ်အလောင်းနှစ်ခုအနက် မြောက်ဘက်ရုပ်အလောင်း၏ ဘယ်ဘက်တံတောင်ဆစ်နားတွင် သံလက်နက် တစ်ခုတွေ့ရပါသည်။ ခြေရင်းတွင် မြေအိုးများကို တွေ့ရှိရပြီး ယင်းတို့အနက် မြေအိုးတစ်လုံးမှာ မြေပန်းကန် နှစ်ခုစောင်းလျက်အပေါ်အောက် ဖုံးထားသည်ကို တွေ့ရပါသည်။ တောင်ဘက်ရုပ်အလောင်း၏ ညာဘက်လက်နှင့် နံကြားတွင် ကြေးနန်းစည်းထုပ်တွေ့ရှိရပြီး ခြေရင်းတွင် မြေအိုးများ၊ ဆီမီးခွက်လေးခုပါ ဆီမီးတိုင်နှစ်ခုကို တွေ့ရကာ ယင်းတို့၏ တောင်ဘက်တွင်ကပ်လျက် မြေအိုးနှစ်လုံးအား အဝချင်းဆက်လျက် တွေ့ရပါသည်။ ဆက်လက် တူးဖော်သုတေသနပြုရာ လက်ရှိအနေအထားအရ ရုပ်အလောင်း(၃၅)ခုခန့်၊ သံလှံနှင့်သံဓား၊ ဖန်ပုတီးစေ့များနှင့် အိုးမျိုးစုံကို တူးဖော်ရရှိပြီး သုတေသနပြုလျက် ရှိပါသည်။



မိုင်းမောမြို့ဟောင်း ကုန်းအမှတ်(၁၃)မှ တွေ့ရှိရသော မြေအိုးငယ်အတွင်းမှ ပျူပုတီးစေ့များ။

ဟန်လင်းမြို့ဟောင်းတွင် လက်ရှိတူးဖော်သုတေသနပြုတွေ့ရှိချက်များအရ ယခင်တွေ့ရှိပြီးသည့် ပျူယဉ်ကျေးမှုထက် ရှေးကျသည့် ကြေးခေတ်၊ သံခေတ်နှင့် မြို့ပြထူထောင်သော ပျူခေတ်ကို ဆက်စပ်လျက် တူးဖော်သုတေသနပြုရရှိခဲ့ပါသည်။ ယခင်တူးဖော်မှုများအရ ဟန်လင်းမြို့ဟောင်းတွင် ကျောက်ခေတ်သစ် (Neolithic Period) ကျောက်ချောလက်နက်ကိရိယာများကို အများအပြား တွေ့ရှိရပြီးဖြစ်ရာ ကျောက်ခေတ်သစ် ယဉ်ကျေးမှုထွန်းကားသော အထောက်အထားများနှင့် နေရာဒေသကို ဆက်လက်ရှာဖွေ ဖော်ထုတ်နိုင်ပါက ဟန်လင်းမြို့ဟောင်းသည် ကျောက်ခေတ်သစ်မှ စတင်၍ ကြေးခေတ်၊ သံခေတ် မြို့ပြထူထောင်သော ပျူခေတ်အထိ အခြေချနေထိုင်လာသည်ကို ပိုမိုခိုင်မာစွာ ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။

## မိုင်းမောမြို့ဟောင်းတူးဖော်မှု

မိုင်းမောမြို့ဟောင်းသည် လယ်တွင်းကိုးခရိုင်ဟု ထင်ရှားသော ကျောက်ဆည်လွင်ပြင်ဖြစ်သည့် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့၏ အရှေ့တောင်ယွန်းယွန်း ရှစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး မန္တလေး-ရန်ကုန်ကားလမ်းမှဆိုပါလျှင် အရှေ့ဘက် ခြောက်မိုင်ခန့်တွင် တည်ရှိပါသည်။

မိုင်းမောမြို့ဟောင်းသည် အဝန်းအဝိုင်းပုံသဏ္ဌာန်ရှိပြီး အတွင်းပိုင်း မြို့ရိုးနှစ်ထပ်ရှိသည်။ အတွင်းပိုင်းအကျဆုံးမြို့ရိုးမှာ စက်ဝိုင်းပုံသဏ္ဌာန်ရှိသည်။မြို့ဟောင်း၏အချင်းအတိုင်းအတာမှာ တစ်မိုင်ခွဲခန့် ရှိပါသည်။

မိုင်းမောမြို့ဟောင်းကို ၁၉၇၉-၈၀ ခုနှစ်မှ ၁၉၈၃-၈၄ ခုနှစ်အထိ ငါးနှစ်ဆက်တိုက် ကုန်းပေါင်း ရှစ်ကုန်းကိုလည်းကောင်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ကုန်းတစ်ကုန်းကိုလည်းကောင်း စုစုပေါင်းကိုးကုန်း တူးဖော် သုတေသနပြုခဲ့ပါသည်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကုန်းအမှတ် ၁၀ မှ ၁၃ အထိ ကုန်းပေါင်းလေးကုန်း တူးဖော်သုတေသနပြုလျက်ရှိပါသည်။

၁၉၇၉ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ တူးဖော်သုတေသနပြုခဲ့ရာတွင် ပျူတို့၏ သင်္ဂြိုဟ်မှုဓလေ့ဖြစ်သော အရိုးအိုးများ၊ ဟန်လင်းပျူခေတ်သုံး ငွေဒင်္ဂါးများကို တူးဖော်ရရှိခဲ့ပါသည်။ မိုင်းမောမြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်(၈)တွင် ငွေရဟန္တာရုပ်တစ်ဆူ၊ ငွေဆင်းတု ခြေနှစ်ဖက်ချလျက် နောက်မှီပါပလ္လင်ခုံသဏ္ဌာန်ဖြင့် ထိုင်နေပုံတစ်ဆူ၊ ဆင်းတုတော်၏ နောက်မှီထိုင်ခုံ ကျောဘက်တွင် ပျူစာတမ်းလေးကြောင်းပါရှိပြီး ပျူခေတ်ဆိုင်ရာ ပုတီးစေ့၊ မြေပုတီးစေ့များ၊ ကျောက်ပုတီးစေ့များနှင့် (ဆင်ရုပ်၊ နွားရုပ်၊ ဝက်ရုပ်) ပျူမြေအိုးတို့ကိုလည်း တူးဖော်သုတေသနပြုရရှိခဲ့ပါသည်။ ထို့အပြင် ၁၉၈၂ ခုနှစ် ဇွန်လတွင် မိုင်းမောမြို့ဟောင်း၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာတွင်ရှိသော မြနဒီကျေးရွာမှ ပျူစာကြောင်း ၁၀ကြောင်းပါ ပျူကျောက်စာတစ်ချပ်ကို တွေ့ရှိခဲ့ဖူးပါသည်။ ယင်းကျောက်စာကို ကူမဲမြို့တွင် ကျောက်စာရုံ ပြုလုပ်၍ ထိန်းသိမ်းထားပါသည်။

မိုင်းမောမြို့ဟောင်းတွင် ၂၇-၅-၂၀၀၅ ရက်နေ့က မိုင်းမောကျေးရွာနေ ဦးတင်မြင့်သည် နွားကျောင်းရာမှ ရွှေဗုဒ္ဓဆင်းတုတော်များ၊ ငွေဗုဒ္ဓဆင်းတုတော်များနှင့် ငွေစေတီများကို ရရှိခဲ့သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အပ်နှံခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးကျမှုနှင့် လက်ရာတန်ဖိုးများ ထပ်ဆောင်းလျက် ဆုကြေးငွေ ၁၄၆ သိန်း ချီးမြှင့်ပေးခဲ့ပြီး ဖြစ်ပါသည်။ ရွှေဆင်းတု၊ ငွေဆင်းတုများ၏ ထိုင်ဟန်များမှာ ပလ္လင်ခုံပေါ်တွင် ခြေနှစ်ဖက်ထပ်လျက် စာမျက်နှာ ၇ ကော်လံ ၁ ✳

## ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၃၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ တောင်ကိုရီးယားသဘော်ာနစ်မြုပ်ရာတွင် ပါဝင်သော မြန်မာသဘော်ာသားများအတွက် DNA တိုက်ဆိုင်စစ်ဆေးပြီး လျော်ကြေးပေးမည်၊ ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းကို အဆင့်မြှင့်တော့မည်၊ မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ပြည်ပရှစ်နိုင်ငံမှ လာရောက်ဆွေးနွေး၊ ရန်ကုန်မြို့ရှိ လမ်းမီးတိုင်အချို့တွင် အလိုအလျောက်အဖွင့်အပိတ်စနစ်ပါရှိသော နေရောင်ခြည်စွမ်းအင်ကို စတင်အသုံးပြု၊ မြန်မာ့စဉ့်အိုးများကို ဂျပန်သို့ ပထမဆုံးအကြိမ် တင်ပို့မည်၊ နိုင်ငံခြားသားများနှစ်သက်သည့် သဘာဝအခြေခံစခန်းတစ်ခုအဖြစ် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်က ဆွဲဆောင်နိုင်မည်၊ နဝရတ်ကိုးပါးထက် တန်ဖိုးလျော့နည်းမည့် ကျောက်မျက်ရတနာရရှိရန်နည်းသစ်ကို သုတေသနပြုလျက်ရှိ၊ စိုင်းစိုင်းခမ်းလှိုင်အား Ambassador အဖြစ်ထပ်မံရွေးချယ်၊ မကြာမီ လက်ထပ်တော့မည့် ဟဲလေးနှင့် လတ်တလောအင်တာဗျူး၊ ပြည်တွင်းရွှေဈေး တည်ငြိမ်ရေးအတွက် ရန်ကုန်မြို့တွင်း၌ ရွှေဈေးကွက်နေရာတစ်ခု ပထမဆုံးအကြိမ်ဖွင့်လှစ်ရန်စီစဉ်၊ ဆိုမာလီပင်လယ်ဓားပြများကို ကွန်မန်ဒိုပုံစံဖြင့် ဝင်ရောက်တိုက်ခိုက်ရန် စစ်ပါရဂူများက အကြံပြု၊ ဂျပန်စားသောက်ဆိုင်များ၌ မျောက်များကို စားပွဲထိုးအဖြစ်ခန့်ထား၊ ကမ္ဘာ့ပထမဆုံး လက်နှစ်ဖက်စလုံး အစားထိုးတပ်ဆင်မှုအောင်မြင်ခဲ့၊ဆိုမာလီပင်လယ်ဓားပြများအပိုင်စီးထားသည့် ယူကရိန်းသဘော်ာ၏ နောက်ဆုံးအခြေအနေ၊ GPS (ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ်)ဖြင့် မြေလျှင်အကြိုအနည်းငယ် တုန်ခါမှုကိုပင်သတိပေးနိုင်၊ ဦးခေါင်းထဲ၌ နှစ်လက်မခန့်ရှိ သံချောင်းစိုက်ဝင်နေသည်ကို လေးနှစ်ကြာမှ သိ၊ ဆင်ရိုင်းများ ဝင်ရောက်သွားလာလေ့ရှိသည့် ဟိုတယ်၊ အထပ် ၂၀၀ ကျော်မြင့်မည့် ကမ္ဘာ့အမြင့်ဆုံး မျှော်စင်သစ်ကြီးကို ဒူဘိုင်းတွင် အုတ်မြစ်ချပြီးစီး၊ ကိုရီးယားမင်းသမီးအုတ်ခွာ၏ အသုဘအခမ်းအနားမြင်ကွင်း၊ ကြွက်ကိုမြွေစာကျွေးသော်လည်း မြွေကကြွက်စာဖြစ်သွားသည့် ထူးဆန်းသော ဖြစ်ရပ်၊ စက်ရုပ်လူသားမှသည် လူသားစက်ရုပ်ဆီသို့ . . . စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်




**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (10th MGC Junior Golf Open Championships 2008) ကို အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉-မိုင်) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

10th MGC Junior Golf Open Championships 2008 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက် (၁၀-၁၂) နှစ်အတန်း၊ အသက် (၁၃-၁၅)နှစ်အတန်း၊ အသက်(၁၆-၂၀) နှစ်အတန်းများနှင့် အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈) နှစ်အတန်းဟူ၍ လေးတန်းခွဲခြားပြီး ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲ၌ဆုများကို အတန်းလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများ၏ဆုများကို မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်အားကစားမောင်မယ်များသည် အောက်တိုဘာ ၂၈ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း(၉မိုင်) သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေအကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသူများသည် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂ နှင့် ၆၆၅၅၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| | - | ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၇:၅၀ | ၅။ | တေးဂီတအစီအစဉ် |
| ၈:၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၁၀ | ၇။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၈:၂၀ | ၈။ | **၂၀၀၈ခုနှစ်၊ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)** |
| ၈:၃၀ | ၉။ | International News. |
| ၈:၄၅ | ၁၀။ | အဆိုပြိုင်ပွဲ |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၀ | ၂။ | အကပြိုင်ပွဲ |
| ၄:၂၀ | ၃။ | သီချင်းကြီးပဒေသာ |
| ၄:၃၀ | ၄။ | **"မနိုင်သော အရှုံး" (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်၊ အရိုင်း၊ ဖိုးဖြူ ကင်းကောင်)** (ဒါရိုက်တာ- **အောင်မောင်လှမျိုး)** |
| ၄:၄၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၄:၅၅ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅:၀၅ | ၇။ | အတီးပြိုင်ပွဲ |
| ၅:၁၀ | ၈။ | တေးဂီတအစီအစဉ် |
| ၅:၂၀ | ၉။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၅:၃၀ | ၁၀။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၆:၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆:၃၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၃။ | မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့ |
| ၆:၅၀ | ၁၄။ | ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင် |
| ၇:၁၀ | ၁၅။ | ဆိုလိုက်ကြစို့ |
| ၈:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | **၂၀၀၇ခုနှစ်၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲ" (ပထမဆု) (မောင်ဉာဏ်ဝင်းနှင့်အဖွဲ့) (ရန်ကုန်တိုင်း)(ဒုတိယပိုင်း)** |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

✷ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

ထိုင်နေတော်မူဟန် (ဈာနာသန) ပုံစံနှင့် နောက်မှီပါပလ္လင်ခုံပေါ်တွင် ခြေနှစ်ဖက်ချလျက် သက်သောင့်သက်သာ ထိုင်နေတော်မူဟန် (ပရလမ္ဗနသန)ပုံစံများ ပါဝင်သည်။ လက်ဟန်အနေအထားများမှာလည်း လက်ယာဘက်လက်ဟန်တွင် မဟာပထဝီမြေကြီးကို သက်သေပြုဟန် (ဘူမိဖဿမုဒြာ)၊ ကြံစည်တွေးတောနေဟန် (ဝိတက္ကမုဒြာ)၊ ဘေးအန္တရာယ် မရှိပါစေနှင့်ဟု ဆုပေးဟန်(အဘယမုဒြာ)များဖြင့် တွေ့ရှိရပြီး လက်ဝဲဘက် လက်ဟန်များတွင် သင်္ကန်းတော်အား ကိုင်နေဟန် (စီဝရဟတ္ထမုဒြာ)နှင့် ထူးခြားချက်အဖြစ် သားမြီးယပ်အား ကိုင်ထားသော လက်ဟန်ကို ဆင်းတုတော်တစ်ဆူတွင် တွေ့ရှိရပါသည်။ ပျူခေတ်တွင် ကိုးကွယ်ယုံကြည်မှု ပိုင်းဆိုင်ရာ၌ ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာန၊ ဟိန္ဒူဗြဟ္မဏဝါဒများ ခေတ်ပြိုင်ပေါ်ထွန်းခဲ့ကြောင်း မြေပေါ်မြေအောက် အထောက်အထားများအရ တွေ့ရှိရပြီးဖြစ်ရာ ယခု တွေ့ရှိရသော မဟာယာနနွယ်သည့် ဆင်းတုတော်များက ယင်းအချက်ကို သက်သေပြုလျက် ရှိသည်ဟု သုံးသပ်ရပါသည်။ ဆင်းတုတော်များမှာ ရွှေဆင်းတုတော် ခုနစ်ဆူ၊ ငွေဆင်းတုတော်ခုနစ်ဆူ၊ အခြားသတ္တုရောဆင်းတုတစ်ဆူနှင့် ငွေစေတီလေးဆူတို့ ပါဝင်သည်။ ယင်းဗုဒ္ဓဆင်းတုတော်များမှာ သရေခေတ္တရာခေတ်၊ ပျူယဉ်ကျေးမှုလက်ရာများနှင့် ပုံစံတူဖြစ်ကြပြီး ငွေစေတီများမှာ သရေခေတ္တရာမြို့ဟောင်းမှ ဘောဘောကြီးစေတီနှင့် ပုံစံတူဖြစ်ကြသည်။ ယင်းဗုဒ္ဓဆင်းတုတော်များ အနက်တစ်ဆူမှာ ၂၀၀၃ ခုနှစ် ဇွန်လက ဗိဿနိုးမြို့ဟောင်းတွင် တူးဖော်ရရှိသော ဗုဒ္ဓဆင်းတုတော်နှင့် ပုံစံတူဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် တိုက်ဆိုင်သောထူးခြားမှုတစ်ရပ်အဖြစ် ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် နေပြည်တော်ပျဉ်းမနားခရိုင် ကျည်တောင်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာအနီးမှ ရရှိခဲ့သော ရှေးဟောင်းပစ္စည်းများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အပ်နှံခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆုကြေးငွေ ကျပ် ၁၂၆သိန်း ငါးသောင်းကျော် ထိုက်တန်စွာ ပြန်လည်ချီးမြှင့်ပေးခဲ့ပြီးဖြစ်ပါသည်။ ယင်းရှေးဟောင်း ပစ္စည်းများတွင် ရွှေဆင်းတုတော်တစ်ဆူနှင့် ငွေဆင်းတုတော်တစ်ဆူတို့ ပါဝင်ရာ မိုင်းမောမြို့ဟောင်းမှ ၂၀၀၅ ခုနှစ်က တွေ့ရှိအပ်နှံခဲ့သော ဆင်းတုများနှင့် လက်ဟန်ခြေဟန်များပုံစံတူဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာ ဗိဿနိုး၊ သရေခေတ္တရာ၊ မိုင်းမော၊ နေပြည်တော်ပျဉ်းမနားဒေသများ၏ အဆက်အစပ်ရှိပုံကို စိတ်ဝင်စားဖွယ် သုံးသပ်သိရှိရပါသည်။

ယခု၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်၌ မိုင်းမောမြို့ဟောင်းအား ပြန်လည်တူးဖော်သုတေသနပြုရာတွင် မြို့ရိုး၏ တောင်ဘက်အပြင်ဘက်ကပ်လျက်ကိုက် ၂၀၀ခန့်အကွာတွင်ရှိသော အမှတ် (၁၀)ကုန်းမှ လေးထောင့်သဏ္ဌာန်တောင်မြောက်အရှည်လိုက်ရှိသော သာသနိကအဆောက်အအုံ ပန္နက်တစ်ခုအားတူးဖော်တွေ့ရှိရပါသည်။ယင်းအဆောက်အအုံ ပန္နက်ကြမ်းခင်းတွင် လက်စင်းရာပါ ပျူခေတ်အုတ်များကိုတွေ့ရှိ ရသည်။အနောက်ဘက်တွင် ငါးပေပတ်လည်ခန့်ရှိမည့် အခန်းငယ်နှစ်ခု ပေါ်ပေါက်လာသည်။ အဆောက်အအုံမြောက်ဘက်ခြမ်း (မြို့ရိုးဘက်ခြမ်း)တွင်လှေကားထစ်နှစ်ဆင့်ကို တွေ့ရှိရသည်။ ထို့အပြင် မြေဆီမီးခွက်များ အခြယ်အလှယ်မပါ အိုးခြမ်းကွဲများ၊ သံမယ်နများ နှင့် မီးကျွမ်းထားသော ၁၀ လက်မပတ်လည်ခန့်ရှိသည့် ကျွန်းတိုင်နှစ်တိုင်ကို တွေ့ရှိရသည်။ ယင်း ကျွန်းတိုင်နှစ်တိုင်အား အဆုံးထိ တူးဖော်ကြည့်ရာ အောက်ခံ တစ်စုံတစ်ရာမရှိဘဲ စိုက်ထူထားသည်ကို တွေ့ရှိရပါသည်။ အသုံးပြုထား သောအုတ်များမှာ တစ်တောင်အုတ်ဟု ခေါ်ဆိုလေ့ရှိကြသော အရှည် ၁၈လက်မ၊ ဖြက်ကိုးလက်မ၊ ထုသုံးလက်မရှိအုတ်များဖြစ်၍ ဗိဿနိုးမြို့ဟောင်းမှ



**ဟန်လင်းမြို့ဟောင်း ကုန်းအမှတ် (၂၉)မှ သံခေတ်အသုံးအဆောင်များနှင့် လူရိုးများကို တွေ့ရှိရပုံ။**

အုတ်များနှင့် တူညီနေကြောင်းနှင့် ကြက်ခြေခတ် အမှတ်အသား အထိမ်းအမှတ် လက်စင်းရာများ ပါရှိကြသည်ကို တွေ့ရှိရသည်။ တူးဖော်တွေ့ရှိသော အဆောက်အအုံ၏ပန္နက်မှာ အရှေ့အနောက် ပေ ၁၀၀ ခန့်၊ တောင်မြောက်ပေ ၆၀ ခန့် ရှိပါသည်။ ဆက်လက်တူးဖော် သုတေသနပြုဆဲဖြစ်ပါသည်။

ဆက်လက်၍ မြို့ရိုး၏ အရှေ့မြောက်ဘက်ရှိ ကန်ဆွယ်ကျေးရွာမှ တောင်ဘက်စူးစူး ကိုက် ၁၀၀၀ခန့် အကွာတွင်ရှိသော ကုန်းအမှတ် (၁၃) ကို တူးဖော်သုတေသနပြုရာ အရှေ့အနောက် ၄၁ ပေ၊ တောင်မြောက် ၂၃ ပေရှိသော အဆောက်အအုံပန္နက်တစ်ခုကို တူးဖော်တွေ့ရှိရသည်။အုတ်များကို အခုံးသဏ္ဌာန်စီထားပြီး အမှတ်(၁၀)ကုန်းမှ အုတ်များနှင့် အရွယ်အစားအမှတ်အသား များတူညီကြကြောင်းတွေ့ရှိရပါသည်။ မြေဆီမီးခွက်များ၊ အိုးခြမ်းကွဲများ နှင့်အတူ အချင်းသုံးလက်မခွဲခန့်နှင့် မျက်နှာဝ တစ်လက်မခွဲခန့် ရှိသော မြေအိုးငယ်တစ်လုံးအတွင်းမှ ရွှေပုတီးစေ့တစ်လုံးနှင့် ကာနေလီယံဖြူနက်ကြား၊ ဆင်ရုပ်၊ မဟူရာ၊ အစိမ်းတောင့်ရှည်၊ နို့နှစ်ရောင်၊ ခရမ်းပျော့၊ ငွေရောင်အလုံး၊ ဗုံတိုကျောက်ရိုင်း၊ ခြောက်မြောင့်အတောင့်ရှည်၊ အဖြူတောင့်အတို၊ သလင်းခြောက်မြောင့်၊ သလင်းဖြူနက်၊ ကျောက် အရောင်မျိုးစုံ ပျူပုတီးစေ့များ စုစုပေါင်း ၈၇ လုံးကို တွေ့ရှိခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် သမိုင်းအကြိုခေတ်ကာလ၌ သမိုင်းမတင်နိုင်သေးသော်လည်း ဗုဒ္ဓစာပေဆိုင်ရာ ပိဋကတ်တော်လာ စာပေများရေးထိုးထားသည့် ရွှေပြားချပ်များ၊ ရွှေပေချပ်များ၊ မြို့ဟောင်းများ၊ နေရာဒေသများ၊ အထိမ်းအမှတ် အဆောက်အအုံများ၊ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ အစရှိသည့် အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုကို ပိုင်ဆိုင်သည့် ပျူလူမျိုးများရပ်တည်နေထိုင်ခဲ့ကြကြောင်းနှင့် ပျူယဉ်ကျေးမှုထွန်းကားခဲ့ကြောင်း ၁၉၅၈-၁၉၅၉ ခုနှစ်ခန့်မှစ၍ အစဉ်အဆက် ဖော်ထုတ်နိုင်ခဲ့ကြပြီဖြစ်ပါသည်။ ဤကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်းသည်ပင် မြန်မာတို့၏ ဖြစ်တည်မှု၊ ဇာတိအစဉ်အလာနှင့် မျိုးရိုးဂုဏ်သိန်ကို ထိန်းသိမ်းခြင်းဖြစ်ပါသည်။

ပျူလူမျိုးတို့၏ ယဉ်ကျေးမှုထွန်းကားခဲ့ရာ ရှေးဟောင်းမြို့တော်များအား ရှေးဟောင်းသုတေသနပညာရှင်များက သုတေသနပြုတွေ့ရှိချက်များနှင့် သုတေသီများ၊ ပညာရှင်များက ကြံဆသုံးသပ်ချက်များဖြင့် ရေးသား ပြုစုခဲ့ကြပြီးသော စာအုပ်စာတမ်းများ အများအပြားရှိပါသည်။ စာစုသည် လက်ရှိအခြေအနေတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ပျူယဉ်ကျေးမှုဒေသ နှစ်နေရာတွင် တူးဖော်သုတေသနပြုတွေ့ရှိချက်များအား ယခင်ရရှိခဲ့ပြီး အထောက်အထားများ အဆက်အစပ်ပြုလျက် ခန့်မှန်းသုံးသပ် တင်ပြခြင်းသာဖြစ်ပါသည်။ တူးဖော်သုတေသနပြုရာမှ အသစ်ထပ်မံတွေ့ရှိချက်များပေါ်ထွန်းလာသည်နှင့်အမျှ စဉ်းစားဆင်ခြင်ကြံဆ သုံးသပ်ဖွယ်ရာအချက်များ ထပ်မံရရှိလာကြမည်ဖြစ်ပါသည်။

ပျူလူမျိုးများနှင့် ပျူယဉ်ကျေးမှုသမိုင်းသည် အခိုင်အမာတည်ရှိထွန်းကားခဲ့သော်လည်း ပျူတို့၏နေရာ များစွာရှိသည့်အနက် သရေခေတ္တရာ ပျူသမိုင်းမှတစ်ပါး ဗိဿနိုး၊ ဟန်လင်း၊ တကောင်း၊ မိုင်းမောမြို့ဟောင်းများအားယခုထက်ပိုမို၍ အထောက်အထားများပြည့်စုံအောင် ကြိုးပမ်းအားထုတ်ကြရဦးမည် ဖြစ်ပါသည်။ ထို့အပြင် သမိုင်းခွင်သို့ ပါဝင်အောင် ထည့်သွင်းနိုင်ခြင်း မရှိသေးသော သင်းတွဲပျူ၊ ဝတီးပျူ၊ တောင်ညိုပျူ၊ လယ်ဝေးပျူ၊ လယ်ကိုင်းပျူ၊ စလင်းပျူ၊ အလ္လကပ္ပပျူ၊ ဖိုးဝင်းတောင်ပျူ၊ အင်းလေးပျူ စသည်တို့အားလည်း သုတေသနပြုဖော်ထုတ်ကြရဦးမည် ဖြစ်ပါသည်။

ယင်းသို့ ရှေးဟောင်းသုတေသနမှ ရှာဖွေဖော်ထုတ်သော အချက်များအပေါ် အခြေပြု၍ ရှေးဟောင်းသုတေသီများနှင့် သမိုင်းပညာရှင်များ၏ သုတေသနပြုခြင်း၊ကြံဆခြင်း၊ သုံးသပ်ခြင်းများဖြင့် မြန်မာ့ယဉ်ကျေးမှု သမိုင်းစဉ်သည် ပိုမိုခိုင်မာပြည့်စုံလာမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။

# ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစည်းအဝေးများသို့ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၈ ရက်မှ ၉ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံများ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာ သဘောတူစာချုပ်၏စတုတ္ထအကြိမ် အစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေး၊ သတ္တမအကြိမ်မြောက် အာဆီယံနှင့်မိတ်ဖက် သုံးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အရှေ့အာရှထိပ်သီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများအဆင့် ပထမအကြိမ် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် အောက်တိုဘာ ၁၂ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။**

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၇ရက် နံနက်ပိုင်းတွင် ဟန္နိုင်းရှိ သစ်အခြေခံပရိဘောဂစက်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဝန်ကြီးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr.Cao Due Phat အား ဝန်ကြီးရုံးဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး နှစ်နိုင်ငံ သစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများ ပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် သစ်အခြေခံ စက်မှုလုပ်ငန်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ သစ်တောကဏ္ဍတွင် အပြန်အလှန် နည်းပညာ ဖလှယ်ခြင်း၊ လေ့လာခြင်းတို့ကို ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သစ်နှင့် သစ်တောထွက်အသင်း ဒုတိယဥက္ကဋ္ဌ Dr.Nguyen Ton Quen ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံသစ်တောလုပ်ငန်းဖွံ့ဖြိုးရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ထွန်းကားရေး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သစ်အခြေခံစက်မှုလုပ်ငန်းများ လျင်မြန်စွာ တိုးတက်လာမှု၊ မြန်မာနိုင်ငံနှင့် သစ်အရောင်းအဝယ် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးသည် အောက်တိုဘာ ၈ ရက်တွင် အာဆီယံနိုင်ငံများ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ သဘောတူစာချုပ်၏ စတုတ္ထအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးကို တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ တောမီးလောင်ကျွမ်းမှု မရှိစေရန် ဆောင်ရွက်နေမှု၊ အထူးသဖြင့်ရွှေ့ပြောင်းတောင်ယာ လျှော့နည်းပပျောက်ရေး ဆောင်ရွက်နေမှုနှင့် Peat Land ဧရိယာစနစ်တကျ ထိန်းသိမ်း ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျင်းပသော (၁၁)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၏ အစည်းအဝေးသို့တက်ရောက်၍ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံမှ အာဆီယံဇီဝမျိုးစုံမျိုးကွဲစင်တာနှင့်စပ်လျဉ်းသော ကိစ္စရပ်များ၊ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များပါရှိသည်။

ဝန်ကြီးသည် အောက်တိုဘာ ၉ ရက်တွင် အာဆီယံနှင့်မိတ်ဖက် သုံးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံများမှ ဝန်ကြီးများ တက်ရောက်သည့် သတ္တမအကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သစ်တောရေးရာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ၊ ဆက်လက်ပူးပေါင်း ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Takemoto Kazuနှင့် တွေ့ဆုံပြီး နေပြည်တော်၌ သစ်တောဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ဆောက်လုပ်ရေးကိစ္စ၊ အပူပိုင်းဒေသတွင် JICA အကူအညီဖြင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေသော ကိစ္စ၊ ဧရာဝတီ ဒီရေတောများ ပြန်လည်ထူထောင်ရေး ကိစ္စနှင့် ပညာသင်များပို့စေလွှတ်ရေး ကိစ္စတို့ကို အကျယ်တဝင့်ဆွေးနွေးခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် အာဆီယံ(၁၀)နိုင်ငံနှင့် အရှေ့အာရှ(၆)နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယ၊ နယူးဇီလန်နှင့် သြစတြေးလျနိုင်ငံတို့မှ ဝန်ကြီးများတက်ရောက်သည့် အရှေ့အာရှထိပ်သီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၏ ပထမအကြိမ် အစည်းအဝေးကို တက်ရောက် ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က မိန့်ခွန်းမြွက်ကြားသည်။ ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးများက Ministerial Statements ကို ထုတ်ပြန်ခဲ့ကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် အောက်တိုဘာ ၈ရက် ည ၈ နာရီခွဲတွင် ကျင်းပသည့် Environmentally Sustainable Cities (ESC)ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံမှ ESC မြို့ဆုချီးမြှင့်ခံရသည့် တောင်ကြီးမြို့အတွက် ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။



**အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

**✳ ရဲနွယ်မှ**

ယင်းနောက် ဝန်ကြီးသည် စက်ရုံ မြေညီထပ်၌ အမှတ်(၁)နှင့် အမှတ်(၂)စက်များမောင်းနှင်မှု၊ မြေအောက်ထပ်ရှိ Pannel များနှင့် တာဘိုင်ဂျင်နရေတာများ လည်ပတ်နေမှုနှင့် Switch Yardကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် စက်ရုံရေထုတ်မြောင်း၊ Tail Race Channel များ၊ တာဘိုင်စက်မောင်းနှင်ပြီး ရေများထွက်ရှိနေမှုကို ကြည့်ရှု စစ်ဆေးသည်။

ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အား ၂၅မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၂၃သန်း ထုတ်လုပ်ပေးလျက်ရှိသော စက်ရုံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာနှစ်မည်ရ" တရားတော်<br>(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)<br>(ရွှေလင်းယုန်ဆရာတော်) |
| ၈း၀၀ - ၂း၀၀ | ထူးလှသည့်ရောင်ခြည်များနှင့် ရှင်စောမြတ်စေတီ၏ ဗုဒ္ဓပူဇနီယပွဲတော် |
| ၈း၂၀ - ၂း၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၄၅ - ၂း၄၅ | Industrial Talk<br>[ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)] |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ - ၃း၃၀ | အမှောင်ထဲမှ စွမ်းအားရှင်များ |
| ၉း၄၀ - ၃း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ - ၃း၄၅ | လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ<br>(ပန်းချီပညာဌာနအကြောင်း သိကောင်းစရာ) |
| ၁၀း၀၀ - ၄း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ - ၄း၀၅ | ဝိပဿနာကျင့်စဉ်မြတ်တရားပွဲ<br>[ဒေါက်တာ ချစ်ငယ်(ဒဿန)Ph.D] |
| ၁၀း၃၀ - ၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ - ၄း၃၅ | Car Audio အသစ်အဆန်း MK အစွမ်း |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ - ၅း၀၅ | ရည်ညွှန်းစေရာ လက်ဆောင်ကမ္ဘာ |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | Yangon Panorama<br>(Parkroyal Youth Art Award 2008) |
| ၁၂း၀၀ - ၆း၀၀ | နေအိမ်နှင့် အဆောက်အအုံများ တည်ဆောက်ရာတွင် အကျိုးရှိစေမည့် သဘာဝဘေးဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်ရေးအလုပ်ရုံဆွေးနွေးပွဲ |
| ၁၂း၂၅ - ၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀ - ၆း၃၀ | MTV Movie Awards 2008 |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**☆ အမျိုးဂုဏ်မှ**

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးမြန်မာဘုရင်များ၏နန်းတော်နှင့် မြို့ရိုးများ တူးဖော်ခြင်း၊ ရှေးဟောင်းမြို့တော်များ သုတေသနပြုခြင်း၊ သမိုင်းဝင် ပစ္စည်းများ၊ ကျောက်စာ၊ ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်းတို့လည်း ပါဝင်ပေသည်။

တည်ဆောက်ပြီးစီးခဲ့သည့် ရွှေနန်းတော်ကြီးများအနက် ပုဂံရွှေနန်းတော်ကြီးသည် ထည်ဝါခံ့ညားမှုအမြင့်မားဆုံးဖြစ်သည်။ ကမ္ဘာတွင်ထင်ရှားကျော်ကြားသော ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ နိုင်ငံတော်က ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားသည့် ယဉ်ကျေးမှုအမွေအနှစ် သဘာဝမြင်ကွင်းအဆောက်အအုံများနှင့် ခမ်းနားထည်ဝါသည့်ရွှေနန်းတော်ကြီးကို ပုဂံခေတ်မူဟန်အတိုင်း ပြန်လည်ဖော်ထုတ် တည်ဆောက်နိုင်ခဲ့သည့်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားခြင်း၊ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်ထက်သန်ခြင်းတို့၏ အထောက်အထားဖြစ်သော အဆောက်အအုံကြီးတစ်ခု ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

(ကြေးမုံ)

## အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်စီးပွားရေးတက္ကသိုလ်စီမံခန့်ခွဲရေးပညာဌာန EM BA 1st-7th batch ကျောင်းသား၊ ကျောင်းသူဟောင်းများ၏တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို အောက်တိုဘာ ၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပမည်ဖြစ်ပါ၍ အကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုသူများသည် ဦးသတိုးဟိန်းဖုန်း-၀၉၅၁၂၉၁၉၈၊ ဦးကျော်ကျော် ဖုန်း-၀၉၅၀၁၉၅၀၀၊ဦးကျော်သူရ ဖုန်း-၀၉၅၁၅၂၃၇၄၊ ဦးအောင်နိုင်ဝင်း ဖုန်း-၀၉၅၁၂၂၉၉၀၊ ဦးမြင့်မောင်ထွန်း ဖုန်း-၀၉၈၀၃၁၈၈၀၊ ဦးအေးချစ် ဖုန်း-၀၉၈၀၂၂၀၀၀နှင့် ဒေါ်ပြုံးပြုံးဟန် ဖုန်း-၀၉၅၀၀၄၂၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

○ ရွှေဖုံးမှ

ယခင်မုန်တိုင်းဒဏ်သင့်ခဲ့စဉ်က ကြောက်မက်ဖွယ်ရာ၊ ချောက်ချားစရာ တိတ်ဆိတ်ငြိမ်သက်ခြောက်သွေ့လျက်ရှိသော ဒေးဒရဲမြို့သည် ယခုမူ မြို့အင်္ဂါရပ်၊ မြို့ဥပဓိရုပ်တို့နှင့်အညီ ပြန်လည်ဖွံ့ဖြိုးစည်ပင်လာသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ခဲ့ရသည်။ ယခင်က ညှိုးငယ်သောမျက်နှာပေး၊ တွေဝေနေသောမျက်နှာကိုယ်စီတို့ဖြင့် မြင်တွေ့ခဲ့ရသည့် မြို့သူမြို့သားတို့သည်လည်း ယခု ပုံမှန်အသက်မွေးဝမ်းကျောင်းမှုကိုယ်စီဖြင့် နာဂစ်ဝေဒနာများ အကင်းသေစ ပြုခဲ့လေပြီ။ အနာဂတ်ကို မျှော်ရည်ဖွဲ့မာန်ဝင့်ချီ လျှောက်လှမ်းနိုင်လျက်ရှိပေပြီ။ မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဒေးဒရဲမြို့ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်း၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။

ဥက္ကဋ္ဌဦးမျိုးအောင်က ကျွန်တော်တို့ မြို့နယ်မှာ လေဘေးသင့်ဦးရေ ၁၅၀၀၀၀ ကျော်ရှိခဲ့ပါတယ်။ ပြိုကျ၊ အမိုးလန်ပြီး ပျက်စီးသွားခဲ့တဲ့ လူနေအိမ်ခြေတွေ အားလုံးနီးပါးကိုလည်း ပြုပြင်ပေးနိုင်ခဲ့ပြီး ကျုံဒါး၊ တိုး၊ သံဒိပ်၊ မရမ်းအနောက်၊ ဒေးဒရဲ၊ ကျုံဒါးရွာမ၊ သောကြာ၊ လေးရွာ၊ လေးအိမ်တန်း၊ ကံဆိပ်၊ ကဒါ စတဲ့ ကျေးရွာများမှာလည်း ကုမ္ပဏီများနဲ့ တာဝန်ရှိသူများက အမြဲတမ်းအိမ်ရာအတော်များများကို ဆောက်လုပ်နိုင်ခဲ့ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ဒေးဒရဲနဲ့ ကျုံဒါးရွာမမှာ အမြဲတမ်းအိမ်ရာအလုံး ၅၀ စီ ဆောက်လုပ်ပေးခဲ့ပြီး သောက်သုံးရေကန် ၃၈၃ ကန်ကိုလည်း ပြုပြင်ဆယ်ယူပေးခဲ့ပါတယ်။ ပညာရေးကဏ္ဍအနေနဲ့ မြို့နယ်အတွင်းရှိ စာသင်ကျောင်းပေါင်း ၁၀၁ကျောင်းကို ပြုပြင်နိုင်ခဲ့လို့ ကျွန်တော်တို့မြို့နယ်ဟာ ဇွန် ၁၂ ရက်ကစပြီး ပထမဦးဆုံး ကျောင်းအပ်နှံသင်ကြားနိုင်ခဲ့တဲ့ မြို့နယ်ဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၃၅၉၄၂ ဦး အပ်နှံနိုင်ခဲ့ပြီး ယခု ၂၀၀၈-၂၀၀၉ ခုနှစ် ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၃၇၃၆၈ ဦးအထိ လက်ခံနိုင်ခဲ့ပါတယ်။

ကျန်းမာရေးကဏ္ဍ အနေနဲ့လည်း ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုသာ ပြုပြင်ရန်ကျန်လို့ ဆက်လက်ပြီး ဆောင်ရွက်နေပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ရုံးကြီးအမကကျောင်းဆောင်သစ် လှူဒါန်းခဲ့ပြီး မြို့နယ်ဆေးရုံဟောင်းကိုလည်း ပြုပြင်ပေးခဲ့ပါတယ်။

လယ်ယာကဏ္ဍအနေနဲ့ ကျွဲနွားကောင်ရေ ၃၃၃ကောင်၊ ထွန်စက် အစီး ၈၇၀၊ ထွန်ယက်ဆီ ၂၄၇၀၆၂ ဂါလန်နဲ့ မျိုးစပါး ၅၉၄၁၀ တင်းကို လည်း ဖြန့်ဝေပေးနိုင်ခဲ့လို့ ယခုနှစ် မိုးစပါးရာသီမှာ လျာထားဧက ၁၈၂၁၄၃ အနက် ယခု ၁၈၁၅၇၅ ဧက စိုက်နိုင်ခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၆၉ ဖြစ်ပြီး စိုက်ရန်ကျန်ဧက ၅၆၈ ဧကကို ဆက်လက်စိုက်ပျိုးနေပါတယ်။

ရေလုပ်ငန်းအနေနဲ့ လှေ ၇၅၅ စင်း၊ စက်နဲ့အထိုင် ၉၅၅စုံ အပါအဝင် ကွန်ပိုက်အပါအဝင်ရေလုပ်ငန်းသုံးပစ္စည်းတွေလည်း ဖြန့်ဝေပေးနိုင်ခဲ့လို့ လုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့ပါတယ်။



ဒေးဒရဲမြို့၌ တည်ဆောက်ပေးထားသော လူနေအိမ်များကို တွေ့ရစဉ်။

သာသနိက အဆောက်အအုံတွေကိုလည်း ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနဲ့ အလှူရှင်များက ပြုပြင်မွမ်းမံတည်ဆောက်ပေးခဲ့ပါတယ်။ အခုဆို မြို့ခံပြည်သူတွေအားလုံး ယခင်ပုံမှန်အတိုင်း နေထိုင်လုပ်ကိုင်နိုင်ကြပါပြီဟု ပြောကြားသည်။

မိမိတို့သတင်းအဖွဲ့ဝင်များသည် အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး မျိုးထွဋ်လှိုင်ကိုလည်း တစ်ဆက်တည်း မေးမြန်းခဲ့ရာ "ကျွန်တော်တို့ တပ်ရင်းက မုန်တိုင်းတိုက်ပြီးစ မေ ၃ရက် နံနက် ၁၁နာရီက စတင်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ စတင်လုပ်ကိုင်ဖို့ စုဖွဲ့ခဲ့ကြပါတယ်။ မေ ၄ ရက် ညနေ ၅နာရီမှာ ဖျာပုံမြို့ကို ရောက်ရှိကြပါတယ်။ ဖျာပုံကနေ ဒေးဒရဲကို ဆက်ထွက်တော့ ည ၁၂ နာရီမှာ ရောက်ပါတယ်။ ဒေးဒရဲနဲ့ဖျာပုံက ၁၇မိုင်၊ ၁၈မိုင်ပဲရှိပါတယ်။ ဒါပေမယ့် လမ်းတွေပိတ်နေလို့ ရှင်းလင်းပြီးလာရတဲ့အတွက် ပုံမှန်သွားရင် ၄၅ မိနစ်ပဲကြာတဲ့ ခရီးကို ၆ နာရီ လောက်သွားခဲ့ရပါတယ်။ မေ ၅ရက်၊ ၆ ရက်မှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာနဲ့ လူမှုရေးအဖွဲ့အစည်းတွေပေါင်းပြီး မြို့တွင်းလမ်းတွေကို စတင် ရှင်းလင်းပါတယ်။ တစ်ပြိုင်တည်းမှာပဲ လေဘေးသင့်ကျေးရွာအရောက် သွားရောက်ပြီး အသက်ရှင်ကျန်နေသူ မှန်သမျှ အသက်ရှင်စေရမည် ဆိုတဲ့အတိုင်း ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကျန်သမျှ လှေတွေနဲ့ စားနပ်ရိက္ခာနဲ့ ဆေးဝါးတွေတင်ပြီး ဖြန့်ဝေ ကယ်ဆယ်ခဲ့ပါတယ်။ ထိခိုက် ဒဏ်ရာရသူတွေကိုလည်း ဆေးဝါး ကုသပေးခဲ့ကြပါတယ်။ အခုဆို ကျွန်တော်တို့တပ်ရင်း ဒေးဒရဲမြို့မှာ ငါးလ ကြာခဲ့ပါပြီ။ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အားစိုက်ခွန်စိုက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အခုဆို အားလုံး ပုံမှန်ပြန်ဖြစ်သွားခဲ့ပါပြီ။ဒီအတွက် ကျွန်တော်အပါအဝင် စစ်သည်တွေအားလုံး ဝမ်းသာပီတိဖြစ်ခဲ့ရပြီး ဂုဏ်ယူမိပါတယ်"ဟု ပြောကြားသွားသည်။



ဒေးဒရဲမြို့ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)ကို တွေ့ရစဉ်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ညပိုင်းတွင် ဒေးဒရဲမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာခဲ့သည်။ ညနေမှောင်စ အချိန်က ထွန်းညှိပူဇော်ခဲ့သော ဆီမီးအလျှံတို့သည် ဝင်းဝင်းလဲ့လဲ့ဖြင့် မြစ်ညှာမှ မြစ်အထက်ပိုင်း ပင်လယ်ဝဆီသို့ ကြည်နူးဖွယ်ရာ စီးမျောနေသည်ကို မှုန်ပျပျ လှမ်းတွေ့မြင်နေရသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းပကားသည် မည်သည့်အခက်အခဲကိုမဆို ကျော်လွှားနိုင်ကြောင်းကို ဒေးဒရဲမြို့နှင့် တိုးမြစ်က သက်သေပြုလျက်။ ။

# သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ အပန်းဖြေအနားယူ လေ့လာကြသူများဖြင့် အထူးစည်ကားများပြား

နေပြည်တော် အောက်တိုဘာ ၁၄

**တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သည် ရန်ကုန်-မန္တလေး ကားလမ်းဘေး ရေဆင်းဆည်အနီး၌ တည်ရှိပြီး ဧရိယာ ၆၁၂ ဧက ကျယ်ဝန်းသည်။**

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ခုနှစ်မေ ၁ရက်တွင် ခမ်းနားထည်ဝါစွာ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်(မန္တလေး)တို့နှင့်မတူ တစ်မူထူးခြား၍ သဘာဝတောတောင်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော Open Zoo တစ်ခုဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ယနေ့ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အစိုးရရုံးပိတ်ရက်တွင် ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများနှင့် မိမိတို့နေအိမ်များ၌ ကောင်းမှုကုသိုလ်များပြုလုပ်ကြကာ အဖွဲ့လိုက်လည်းကောင်း၊ မိသားစုအလိုက် လည်းကောင်း တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) သို့ လာရောက်လေ့လာကြပြီး သားငှက်တိရစ္ဆာန်များကို အစာအာဟာရများ ကျွေးမွေး၍ အနားယူအပန်းဖြေကြသည်။

ထိုသို့ အနားယူကြသူများသည် တိရစ္ဆာန်ဥယျာဉ်အတွင်း ပြသထားသည့် ပြကွက် ၂၇ ကွက်ကို လှည့်လည် ကြည့်ရှုလေ့လာကြပြီး ဆင်စခန်း၌ ဆင်လိမ္မာပြကွက် ပြသမှုကို အားပါးတရ ကြည့်ရှုအားပေးကြသည်။



ဆင်စခန်း၌ လေ့လာ

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် သီတင်းကျွတ်လပြည့်နေ့က လာရောက်အပန်းဖြေသူများ ဆင်စခန်း၌ လေ့လာနေစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၏ တိရစ္ဆာန်များစွမ်းရည်ပြပွဲကို ကလေးကစားကွင်း၌ ပြသရာ လာရောက်လေ့လာသူများသည် ရှစ်လသမီးအရွယ်သာ ရှိသေးသော ချစ်စရာဝက်ဝံမလေး ဆုန်ဆုန်၊ နှစ်နှစ်သမီးအရွယ်ရှိ ပျော်ရွှင်ဖွယ်ပြကွက်များကို ဖန်တီးပေးသည့် မျောက်မလေးစွာတေး၊ ခြောက်နှစ်သမီးအရွယ်ရှိ ဆင်မလေး နွယ်နွယ်၊ သုံးနှစ်နှင့် ခုနစ်လအရွယ်ရှိသော ဆင်မငယ်မေအုန်းမြင့်၊ နှစ်နှစ်အရွယ်ရှိသည့် ခွေးလိမ္မာလေး ဂျက်ကီ၊ အန္တရာယ်ပြုတတ်သော မြွေကြီးများဖြစ်ကြသည့် စပါးအုံး၊ ငန်းတော်ကျား၊ မြွေဟောက်များနှင့် အတူ မကြောက်မရွံ့ စွန့်စွန့်စားစား တင်ဆက်ကပြ ဖျော်ဖြေသည့် သမီးပျိုကလေးများ၏ မြွေအက၊ အန္တရာယ်ကြီးမားလှသော ငန်းစောင်းမြွေကြီးနှင့် ရှမ်းအမျိုးသားလေးတစ်ဦးက ရှမ်းရိုးရာအကနှင့် တွဲဖက်၍ သည်းထိတ်ရင်ဖို ကကွက်များဖြင့် ဖော်ကြူးကပြ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုကြပြီး အပန်းဖြေကြသည်။




ထို့ပြင် လာရောက်လေ့လာ အပန်းဖြေကြသူများသည် မျောက်လွှဲကျော် မျက်ခုံးဖြူချမ်းသာနှင့် မချစ်စုတို့၏ ပရိသတ်များကို စနောက်ကျီစယ်မှုကို လည်းကောင်း၊ မျောက်လွှဲကျော် လက်ဖြူမောင်ဦးနှင့် အကြီးမတို့၏ ကြိုးတန်းလက်လွှဲပြမှုကိုလည်းကောင်း အံ့မခန်း ကြည့်ရှုအားပေးကြသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် လာရောက်ကြည့်ရှု အပန်းဖြေအနားယူကြသည့် ထောင်ပေါင်းများစွာသော ပြည်သူများသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြကာ ထူးဆန်းအံ့သြဖွယ်ကောင်းသည့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အတွင်း၌ တပျော်တပါး လှည့်လည်ကြည့်ရှုမဆုံး ဖြစ်ကြသည်။

သီတင်းကျွတ် လပြည့်နေ့က တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ လာရောက်အပန်းဖြေလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ညပိုင်းတွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၌ ရောင်စုံမီးများ ဝေဝေဆာဆာ ထွန်းညှိအလှဆင်ထားသည်ကိုလည်း ရှုမငြီး တွေ့မြင်ရသည်။ (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း နို့စားနွားမွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ၁၄**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ စွန်ရဲဒေသရှိ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက် နို့စားနွားမွေးမြူရေး လုပ်ငန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နို့နှင့်နို့ထွက်ပစ္စည်းများမှ လူကို ဘေးဥပဒ်အန္တရာယ် မကျရောက်စေရေးအတွက် အထူးဂရုစိုက် ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော နွားရောဂါကာကွယ်ကုသဆေးများနှင့် နွားနို့အရည်အသွေး စမ်းသပ်စစ်ဆေးရန် အသုံးပြုသော Lacto Scan ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ရှိ ဦးဝင်းမောင်၏ မြဘုရင် နို့စားနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှု အားပေးသည်။ ထို့နောက် ဝန်ကြီးသည် မန္တလေးတိုင်း မိတ္ထီလာမြို့ရှိ ဦးဝင်းညွှန့်အောင်၏ ဝင်းမေတ္တာနို့စားနွားမွေးမြူရေးနှင့် နို့ချက်စက်ရုံသို့ ရောက်ရှိပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် နွားနို့အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ တောမကျေးရွာရှိ ဦးခင်မောင်ဝင်း၏ နို့စားနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး နို့နှင့်နို့ထွက် ပစ္စည်းထုတ်လုပ်သူများအား ယခုလတ်တလော နို့ထွက်ပစ္စည်းများတွင် မယ်လမင်းထည့်သွင်းအသုံးပြု၍ ကလေးငယ်များ ဘေးဒုက္ခရောက်ရှိနေရသဖြင့် ပြည်ပမှ ထုတ်လုပ်သည့် မည်သည့်နို့မှုန့်အမျိုးအစားကိုမှ အသုံးမပြုဘဲ နို့ဆီချက်လုပ်ရေး၊ နိုင်ငံတော်၏ ထုတ်ပြန်ကြော်ငြာချက်များကို တိကျစွာ လိုက်နာရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ချေးငွေထောက်ပံ့ပေးမည့် အစီအစဉ်နှင့် ထပ်မံတိုးချဲ့ မွေးမြူမည့် နို့စားနွားများအတွက် ပံ့ပိုးပေးမည့် အစီအစဉ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သဲဖြူပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၄**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း(အရှေ့ပိုင်း) ရေတာရှည်မြို့နယ် မြို့လှမြို့ရှိ (၂၃၀/၃၃/၁၁) ကေဗွီ (၁၀၀) အမ်ဗွီအေ သဲဖြူပင်မဓာတ်အားခွဲရုံ Switch Yard အတွင်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ဓာတ်အားခွဲရုံ Control Room အတွင်း ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရုံအတွင်း Switch Gear နှင့် Control Panel များ ရောက်ရှိမှုနှင့် သိုလှောင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စိတ်ဝင်စားဖွယ်ရာ အင်တာနက်သတင်းများ

## မိကျောင်းပိုက်ထဲမှ လူ့ရုပ်ကြွင်းများကို ဒီအင်န်အေစစ်ဆေးမည်

**ကွင်းစလန် အောက်တိုဘာ ၁၄**

ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်မြောက်ပိုင်းမှ ဖမ်းယူရရှိခဲ့သည့် မိကျောင်းကြီး၏ ခန္ဓာကိုယ်ကို ဓာတ်မှန်ရိုက်ကြည့်ရာ လူသား၏ ရုပ်ကြွင်း အစိတ်အပိုင်းများကို တွေ့ရှိရခြင်းကြောင့် အဆိုပါရုပ်ကြွင်းများအား ဒီအင်န်အေစစ်ဆေးမှုများ ပြုလုပ်ရန် ဩစတြေးလျရဲတပ်ဖွဲ့က စီစဉ်လျက်ရှိသည်။

စက်တင်ဘာ ၃၀ ရက်က ကွင်းစလန်ပြည်နယ် အင်ဒေးဗားမြစ်ကမ်းရှိ မိကျောင်းအငူဟုအမည်ပေးထားသောဒေသတွင် ပျောက်ဆုံးသွားခဲ့သည့် အသက်(၆၂) နှစ်အရွယ်ရှိ မစ္စတာအာသာဘွတ်ကာ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများဟုတ်မဟုတ် ဒီအင်န်အေစစ်ဆေးချက်များက အတည်ပြုပေးနိုင်မည်ဖြစ်သည်။

အာသာဘွတ်ကာပျောက်ဆုံးသွားရာ မြစ်ကမ်းနံဘေးတွင် ၎င်းပိုင်ကင်မရာနှင့် ကြိုးသိုင်းဖိနပ်တစ်ဖက်တို့ကိုသာ ပြန်လည်တွေ့ရှိခဲ့ရပြီး ရေစပ်အနီးတွင်မိကျောင်း၏ စွတ်ကြောင်းရာများကို တွေ့ရှိခဲ့ခြင်းကြောင့် အာသာဘွတ်ကာကို မိကျောင်းဆွဲ၍ သေဆုံးကြောင်းအတည်ပြုနိုင်ရန်အတွက် မိကျောင်းသုံးကောင်ကိုဖမ်းဆီးပြီး ဓာတ်မှန်ရိုက်ကြည့်ခဲ့သည်။

အဆိုပါမိကျောင်းသုံးကောင်အနက် ၁၄ ပေရှည်သော ဒုတိယအကြီးဆုံးမိကျောင်း**(အောက်ပုံ)**၏ ခန္ဓာကိုယ်အတွင်း လူသားယောကျ်ား၏ ရုပ်ကြွင်း များကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။



## ဒေါ်လာ ၁၇ သန်းတန်အာကာသ ၁၀ ရက်ခရီးစဉ်

**အိုင်အက်စ်အက်စ် (အာကာသစခန်းယာဉ်) အောက်တိုဘာ ၁၄**

တနင်္ဂနွေနေ့က ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော့ အာကာသစခန်းမှ လွှတ်တင်ခဲ့သည့် ဆိုယုဇ်တီအမ်အေ-၁၃ အာကာသယာဉ်သည် ယနေ့ နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (ISS) နှင့် အောင်မြင်စွာ ချိတ်ဆက်ခဲ့ပြီးနောက် ဆိုယုဇ်ဖြင့်လိုက်ပါလာသည့် အာကာသခရီးသည် ရစ်ချတ်ဂါရီယော့**(အောက်ပုံ)**၏ ၁၀ ရက်ကြာ အာကာသအတွင်းနေထိုင်မည့် အစီအစဉ်ကို စတင်လိုက်ပြီဖြစ်သည်။

ကွန်ပျူတာဂိမ်း ဒီဇိုင်နာတစ်ဦးဖြစ်သူ ရစ်ချတ်ဂါရီယော့ (၄၇) နှစ်သည် အာကာသစူးစမ်းလေ့လာရေးခရီး အမှတ်စဉ် (၁၈) ခရီးစဉ်တွင် လိုက်ပါ၍ အမေရိကန်အာကာသယာဉ်မှူး မိုက်ဖင့်ကီ၊ ရုရှားအာကာသယာဉ်မှူး ယူရီလွန်ချာကော့ဗ်တို့နှင့်အတူ အာကာသအတွင်း နေထိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၇ သန်းပေးဆောင်ခဲ့ရသည်။





# မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ထွက်ခွာ

**မာဒေးကားဖလား ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ တွေ့ရစဉ်။**

(ကြေးမုံ)

**ရန်ကုန် အောက်တိုဘာ ၁၄**

မလေးရှားနိုင်ငံ ရှာအလမ်မြို့၌ အောက်တိုဘာ ၁၅ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် အကြိမ် (၄၀) မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် အောက်တိုဘာ ၁၃ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးသိန်းအောင်၊ အုပ်ချုပ်သူ ဦးလှရွှေလေး၊ နည်းပြချုပ် မားကို့စ်အန်တိုနီယိုဖလော်ပါ၊ ကြံ့ခိုင်ရေးနည်းပြ ရိုဒရီဖာနန်ဒက်ဇ်၊ လက်ထောက်နည်းပြ ဦးဉာဏ်ဝင်းနှင့် ဦးမျိုးချစ်၊ ဆေးမှူး ဒေါက်တာအောင်ကျော်ဦး၊ အားကစားသမားများ ဂိုးသမား-အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ညီညီလွင်(ပြည်ထဲရေး)၊ နောက်တန်း- ဟန်ဝင်းအောင်(ကမ္ဘောဇ)၊မိုးဝင်း (စီးပွား/ကူးသန်း)၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ မင်းသူ (စီးပွား/ကူးသန်း)၊ ခင်မောင်လွင် (လယ်/ဆည်)၊ အေးဆန်း(ကမ္ဘောဇ)၊ ကျော်ဇေယျာဝင်း (ပို့ဆောင်ရေး)၊ အလယ်တန်း ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင် (စွမ်းအင်)၊ အောင်မျိုးသန့်(စီးပွား/ကူးသန်း)၊ အောင်မြင့်အေး (မြို့တော်စည်ပင်)၊ မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ ပိုင်စိုး(ဘဏ္ဍာ/အခွန်)၊ ရှေ့တန်း- ရန်ပိုင်(ဘဏ္ဍာ/အခွန်)၊ ကျော်သီဟ(ကမ္ဘောဇ)၊ စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)နှင့် ထွန်းမင်းဦး (သစ်တော)တို့ ပါဝင်ကြသည်။

ပြိုင်ပွဲကို အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး (က) အုပ်စုတွင် မလေးရှား၊ ဆီရီယာလီယွန်၊ အာဖဂန်နစ္စတန်၊ နီပေါ၊ (ခ) အုပ်စုတွင် မြန်မာ၊ ဗီယက်နမ်၊ မိုဇမ်ဗစ်နှင့် ဘင်္ဂလားဒေ့ရှ်တို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် အောက်တိုဘာ ၁၆ ရက်တွင် ဗီယက်နမ်အသင်း၊ ၁၈ ရက်တွင် မိုဇမ်ဗစ်အသင်း၊ ၂၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၆ ခုနှစ် (၃၈)ကြိမ်မြောက် ပြိုင်ပွဲတွင် ပထမ၊ ၂၀၀၇ ခုနှစ် (၃၉) ကြိမ်မြောက် ပြိုင်ပွဲတွင် ဒုတိယ ရရှိထားသည်။

(ကြေးမုံ)

## နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

**ပုသိမ်ကြီး အောက်တိုဘာ ၂**

ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာဖတ်သူ တိုးပွားစေရန်အတွက် ရည်ရွယ်၍ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို အောက်တိုဘာ ၂ရက် နံနက် ၁၀နာရီတွင် ပုသိမ်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း လမင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ရွှေပေါက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်က "စာဖတ်ကြပါ မောင်တို့မယ်တို့" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက "ရည်မှန်းချက်ရှိရမယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

အခမ်းအနားသို့ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်သန်းနှင့်အတူ ဆရာ၊ ဆရာမများနှင့် အထက်တန်း၊အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၆၅၈ ဦး တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ ကျွန်းမာကြံ့ခိုင် ဗွီနိုင်ငံ
၅း၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၅။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့မွေးရပ်မြေ (အပိုင်း-၃၈)**
၆း၄၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်းတွဲ -အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၈)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဖြေလိုက်ပါ
၂၂။ ICT သုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေကြောင်းမြို့တော် (အပိုင်း-၄)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှအုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်အနုပညာရှင်များ ဆက်လက်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

**နေပြည်တော်၌ တတိယအကြိမ်အဖြစ် ကျင်းပမည့် (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များသည် ယနေ့တွင် နေပြည်တော်သို့ မြန်မာ့မီးရထားဖြင့် ဆက်လက်ရောက်ရှိလာကြသည်။**

ထိုသို့ ရောက်ရှိကြရာတွင် ဦးစိန်ဒိုင် ခေါင်းဆောင်သော ကယားပြည်နယ်မှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၆ နာရီတွင်လည်းကောင်း၊ ဦးတေတားလုံ ခေါင်းဆောင်သော ကရင်ပြည်နယ်မှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များသည် နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ ဦးတင်သန်းဝင်း ခေါင်းဆောင်သော စစ်ကိုင်းတိုင်းမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များသည် နံနက် ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ဦးရဲအောင်မြင့်ခေါင်းဆောင်သော မန္တလေးတိုင်းမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များသည် ညနေ ၃ နာရီခွဲတွင်လည်းကောင်း နေပြည်တော်သို့ရောက်ရှိလာကြသည်။

အဆိုပါအဖွဲ့ဝင်များအား (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ ကြိုဆိုရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ထွန်းအုံနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက နေပြည်တော်ဘူတာတွင် ကြိုဆိုနှုတ်ဆက်ကြကာ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

(သတင်းစဉ်)



(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ်ပညာရှင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့ဝင်များ၊ မြန်မာ့မီးရထားဖြင့် နေပြည်တော်ဘူတာသို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

## ဘောလုံးအားကစားသတင်းများ

# နာမည်ကြီးအင်္ဂလန်နှင့်ဂျာမနီတို့ နိုင်ပွဲ ဆက်နိုင်ပြီး အီတလီနှင့်ပေါ်တူဂီတို့ အိမ်ကွင်းတွင် နိုင်ပွဲပြန်ရှာရမည့် ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်ပွဲစဉ်များ

## အောက်တိုဘာ ၁၅ ရက် (ဗုဒ္ဓဟူးနေ့)

**၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်ပွဲစဉ်များကို ကျင်းပလာတာ ယခုဆိုလျှင် ပွဲစဉ်(၄)သို့ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဥရောပဇုန်မှာ အုပ်စု(၉)အုပ်စုပါဝင်ပြီး လက်ရှိအချိန်မှာ ဒိန်းမတ်၊ ဂရိ၊ ပိုလန်၊ ဂျာမနီ၊ စပိန်၊ အင်္ဂလန်၊ ဆာဗီးယား၊ အီတလီနဲ့ နယ်သာလန်တို့မှာ အုပ်စုဗိုလ်များအဖြစ် အသီးသီးရပ်တည်လျက် ရှိနေကြပါတယ်။**

### ပေါ်တူဂီ

အုပ်စု(က)မှာ ပါဝင်တဲ့ပေါ်တူဂီ ဟာ သုံးပွဲကစားအပြီးမှာ ရမှတ်လေးမှတ်နဲ့ တတိယအဆင့်မှာသာ ရပ်တည်နိုင်သေးပါတယ်။ ပေါ်တူဂီဟာ သူ့အပေါ်က ဒိန်းမတ်နဲ့ ဆွီဒင်တို့ကို အမီလိုက်နိုင်ရေးအတွက် ဒီနေ့ယှဉ်ပြိုင်ကစားရမယ့် အယ်လ်ဘေးနီးယားကို အိမ်ကွင်းမှာ အနိုင်ရအောင် မဖြစ်မနေကြိုးစားရတော့မှာပါ။ ပြီးခဲ့တဲ့ပွဲမှာ ဆွီဒင်ကို သရေကျခဲ့တဲ့ ပေါ်တူဂီတို့ဟာ ဟန်ဂေရီကို နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တဲ့ အယ်လ်ဘေးနီးယားကိုတော့ အနိုင်ယူဖို့ဆိုတာ မခက်ခဲလောက်ဘူးထင်ပါတယ်။

### ဂျာမနီ

အုပ်စု(ဃ)မှာပါဝင်တဲ့ ဂျာမနီဟာ ယနေ့ပွဲမှာ ဝေးလ်နဲ့ အိမ်ကွင်းကစားရမှာပါ။ သာမန်ကြည့်ရင် ဂျာမနီနိုင်ပွဲဆိုတာ သံသယရှိစရာမလိုဘူးလို့ ထင်မှာပါ။ ဒါပေမဲ့ ဝေးလ်ဟာ သုံးပွဲကစားပြီး ခြောက်မှတ်နဲ့ ဒုတိယနေရာမှာ ရှိနေတာကြောင့် ဂျာမနီကို လွယ်လွယ်နဲ့တော့ အလျှော့ပေးမယ် မထင်ပါဘူး။ ဒါကြောင့် ဒီပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပြီး အိမ်ရှင်ဂျာမနီတို့ ခက်ခက်ခဲခဲ ကစားပြီးမှ သုံးမှတ်အပြည့်ရမယ့် အနေအထားပါ။

### အင်္ဂလန်

အုပ်စု(စ)မှာပါဝင်တဲ့ နာမည်ကြီး အင်္ဂလန်ဟာ နည်းပြကာပယ်လိုလက်ထက်မှာ ရလဒ်ကောင်းတွေကို ရရှိနေပါတယ်။ ကစားကွက်က စွဲမက်စရာ မရှိပေမယ့် ရလဒ်တွေကောင်းနေတာကြောင့် အင်္ဂလန်တို့ ဒီအတိုင်းသာ ခရီးဆက်သွားနိုင်ခဲ့မယ်ဆိုရင် ခြေစစ်ပွဲအောင်ဖို့ မခက်ခဲနိုင်ပါဘူး။ ဒီနေ့ပွဲမှာ အင်္ဂလန်ဟာ ဘီလာရုစ်နဲ့ အဝေးကွင်းကစားရမှာပါ။ အင်္ဂလန်ဟာ အဝေးကွင်းဖြစ်ပြီး လူမစုံဘူးဆိုပေမယ့် ဘီလာရုစ်လိုအသင်းငယ်လေးကိုတော့ အနိုင်ရအောင် ကစားပြသွားနိုင်ဦးမှာပါ။ ဒါပေမဲ့ အင်္ဂလန် ဂိုးပြတ် မပြတ်ဆိုတာကိုတော့ စဉ်းစားရပါလိမ့်မယ်။



အိမ်ကွင်းတွင် မဖြစ်မနေနိုင်ပွဲရှာရတော့မည့် အီတလီအသင်းသားများအား တွေ့ရစဉ်။

### အီတလီ

လက်ရှိချန်ပီယံတို့ ဒီနေ့ပွဲမှာ မွန်တီနီဂရိုးနဲ့ အိမ်ကွင်းကစားရမှာ ဖြစ်တာကြောင့် နိုင်ပွဲပြန်ရဖို့ အခြေအနေအကောင်းဆုံးမှာ ရှိနေပါတယ်။ ပြီးခဲ့တဲ့ပွဲမှာ ဘူလ်ဂေးရီးယားကို သရေသာ ကစားနိုင်ခဲ့တဲ့ အီတလီဟာ ယခုအိမ်ကွင်းမှာ မဖြစ်မနေ အနိုင်ပွဲပြန်ရှာရတော့မှာဖြစ်တာကြောင့် တင်ကစားလာမယ့် အိမ်ရှင်ကို မွန်တီနီဂရိုးတို့ ဂိုးပြတ်မရှုံးအောင်ဘဲ ကြိုးစားကြရမှာပါ။

### အုပ်စုဗိုလ်တို့၏အဝေးကွင်းပွဲများ

အုပ်စု(ခ)တွင်ဂရိ အုပ်စု(ဂ)တွင် ပိုလန် အုပ်စု(င)တွင် စပိန် အုပ်စု(ဆ)တွင် ဆာဗီးယားနှင့် အုပ်စု(ဈ)တွင် နယ်သာလန်တို့ဟာ အုပ်စုဗိုလ်များအဖြစ် အသီးသီးရပ်တည်နေကြပါတယ်။ ဒီငါးသင်းမှာ ဂရိတစ်သင်းသာ အိမ်ကွင်းကစားရမှာဖြစ်ပြီး ကျန်လေးသင်းဟာ အဝေးကွင်းကစားကြရမှာပါ။ ဒါပေမဲ့ အိမ်ကွင်းကစားရမယ့် ဂရိနဲ့အတူ ကျန်အဝေးကွင်းကစားရမည့် အုပ်စုဗိုလ် လေးသင်းစလုံးဟာ ဒီနေ့ပွဲမှာ အမှတ်မဆုံးရှုံးနိုင်ဘူးလို့ ဆိုချင်ပါတယ်။

**ဝင်းတင် (ကြေးမုံ)**

# မြန်မာနိုင်ငံတောင်ပိုင်းတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၁၄

**ယနေ့နံနက် ၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တောင်ကြီးမြို့တွင် ၂ဒသမ ၂၁လက်မ၊ ရေးမြို့တွင် ၁ဒသမ၄၉လက်မ၊ ကျိုင်းတုံမြို့တွင် ၀ဒသမ ၉၅လက်မနှင့် နေပြည်တော်ပျဉ်းမနားတွင် ၀ဒသမ၈၂လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**ထူးခြားသည့်အခြေအနေ။** ။ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ 'ဒါးနန်းမြို့'၏ မြောက်ယွန်းယွန်း မိုင် ၂၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည့်ဟု ခန့်မှန်းရသည်။

**အောက်တိုဘာလ ၁၅ရက်ညနေအထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်** (၃၄ဒသမ၄ဒီဂရီစင်တီဂရိတ်) (၉၉ဒီဂရီဖာရင်ဟိုက်) ၁၃-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်** (၂၁ဒသမ၈ဒီဂရီစင်တီဂရိတ်) (၇၁ဒီဂရီဖာရင်ဟိုက်) ၁၄-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၈ရာခိုင်နှုန်း ၁၄-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း (၇ဒသမ၄)နာရီခန့် ၁၃-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၄-၁၀-၂၀၀၈ | ၁၃မမ (၀ဒသမ၅၂လက်မ) | ၁၂မမ (၀ဒသမ၄၇လက်မ) | မရှိပါ |
| ၁-၁-၂၀၀၈မှယနေ့အထိ | ၂၅၆၂မမ (၁၀၀ ဒသမ ၈၇ လက်မ) | ၂၈၄၃မမ (၁၁၁ ဒသမ ၉၃ လက်မ) | ၃၃၁၃မမ (၁၃၀ဒသမ ၄၃လက်မ) |

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ (၁၃-၁၀-၂၀၀၈) နေ့ (၁၅း၃၀)နာရီတွင် အနောက်ဘက်မှ တစ်နာရီလေးမိုင်နှုန်းတိုက်ခတ်သည်။

# ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၄**

'အနောက်ဘက်က အိမ်နီးချင်း' မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆက်ဆံရေးအကြောင်းနှင့်ပတ်သက်၍ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၄၀) ထွက်ရှိလာသည်။

ယင်းအပြင် အေးမြတ်သူနှင့် လက်တို့ပြီး မေးမြန်းဖြစ်ခဲ့သည့် အကြောင်းများ၊ ပြင်ဦးလွင်တွင် တောင်ပေါ်အပန်းဖြေစခန်းမြို့တစ်မြို့ ပေါ်ပေါက်လာတော့မည်၊ မြန်မာနာဂစ်ဆိုင်ကလုန်းနှင့် တရုတ်စီချွမ်မြေငလျင်တို့ကြောင့် သဘာဝဘေး ဆုံးရှုံးမှုပမာဏ ဆူနာမီထက် ကျော်လွန်သွားဟု ကုလသမဂ္ဂပြော၊ FAME သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဩဂဲနစ်ဆေးဝါးထုတ်သော ကုမ္ပဏီကြီးဖြစ်လာတော့မည်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပညာရည်ချွန်ဆုပေးပွဲကျင်းပ၊ ပြည်တွင်း၌ နို့နှင့်နို့ထွက်ပစ္စည်း အဆင့်မီ ထုတ်လုပ်လိုသူများကို လုပ်ငန်းလိုင်စင်တိုးမြှင့်ထုတ်ပေးမည်၊ ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးအကြောင်း၊ ရွှေဈေးနှုန်းထိန်းချုပ်ရန် ရွှေလုပ်ငန်းရှင်အသင်း၏ အသင်းဝင်များကို ခေတ္တရပ်ဆိုင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "သက်ကြီးရွယ်အိုနှင့် ပြုစုစောင့်ရှောက်မှု"အကြောင်းစသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများ ပါရှိသည်။

ကိုရီးယားမင်းသမီး ချွိုင်ဂျင်ဆေး သတ်သေခြင်းအတွက် တာဝန်ရှိသည်ဟုယူဆရသည့် အွန်လိုင်းမှ ကောလာဟလ သတင်းဖြန့်သူများကို နှိမ်နင်းရန် စီစဉ်နေ၊ အိမ်သာတစ်လုံး၏ ကျန်းမာရေးအကျိုးကျေးဇူးပြုမှုကို စတင်လှုံ့ဆော်၊ ငွေကြေးလောကကို ဖယ်ကြဉ်ကာ ဘုန်းတော်ကြီးဝတ်သွားသည့် ဝေါလ်စထရိဘဏ်လုပ်ငန်းရှင်ဟောင်းတစ်ဦးအကြောင်း၊ ကျောင်းသူကျောင်းသားများ သတင်းစာဖတ်ခြင်းက ဝေဖန်ပိုင်းခြားနိုင်စွမ်းရည်ကို အထောက်အကူဖြစ်၊ အမျိုးသမီးများ ကိုယ်လိမ်းပေါင်ဒါ အသုံးပြုခြင်းကို သတိထား၊ စင်ကာပူတွင် သူဖုန်းစားနှင့် အိုးအိမ်မဲ့များ သိသိသာသာ တိုးပွားလာ၊ "အွန်လိုင်းပေါ်တွင် အချေအတင်ငြင်းခုန်ရာမှ လူသတ်မှုဖြစ်ပွား" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

# ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော်   အောက်တိုဘာ   ၁၄

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ယနေ့ နံနက်ပိုင်းတွင် ကျောက်တံခါးမြို့ မြို့ချောင်းကျေးရွာ အနောက်ဘက် ၂ ဒသမ ၅ မိုင်ခန့်အကွာရှိ ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ပင်မတမံပေါ်သို့ ရောက်ရှိပြီး ရဲနွယ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးကာ ရေထိန်းတံခါး ကြံခိုင်ထိန်းသိမ်းရေးလုပ်ငန်း အမြဲဆောင်ရွက်ရန် မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳

✳ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

✳ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။

✳ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

# အမျိုးဂုဏ်မြင့်မားစေသည့် ရွှေနန်းတော်ကြီး (သို့မဟုတ်) ယဉ်ကျေးမှုအမွေ သက်သေတည်စေမည့် ပုဂံရွှေနန်းတော်

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ တည်ဆောက်ထားသော မဟာရာဇသီရိအနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ သီရိဇေယျဘူမိ ပုဂံရွှေနန်းတော်ကြီးကို တွေ့ရစဉ်။



## သတင်းမှတ်စု-ငြိမ်းခင်ခင်

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များသည် နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်ထွန်းကား လာခဲ့သည်။ ကိုယ့်ထီးကိုယ့်နန်းဖြင့် ထည်ထည်ဝါဝါ နေထိုင်လာခဲ့ကြသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့ဖြင့် တည်တံ့ခိုင်ခဲ့နေဆဲဖြစ်သည်။

မန္တလေးတိုင်း ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ မဟာရာဇသီရိဇေယျဘူမိ ပုဂံရွှေနန်းတော်ကြီးကို ၂၀၀၈ ခုနှစ်ဦးက ဖွင့်လှစ်နိုင်ခဲ့သည်။ ပုဂံခေတ် မူဟန်အတိုင်း ပြန်လည်ဖော်ထုတ် တည်ဆောက်နိုင်ခဲ့သည်။ ပုဂံရွှေနန်းတော်ကြီးသည် ပုဂံယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်း အဆောက်အအုံများ၊ အနုပညာလက်ရာများနှင့်အတူ ခံ့ညားထည်ဝါစွာ ရပ်တည်လျက် ငွားငွားစွင့်စွင့် ပေါ်ထွန်းလာခဲ့သည်။

ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး၏ မူလနန်းတော်ရာကို ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်သုတေသနပြုခဲ့ကြသည်။ တူးဖော်ရရှိခဲ့သည့် ပန္နက်အထောက်အထားများ၊ နံရံဆေးရေးပန်းချီများ၊ ပုဂံခေတ်ဗိသုကာလက်ရာများ၊ ကမ္ပည်းကျောက်စာများအပေါ် အခြေခံ၍ မြန်မာမှု ဗိသုကာပညာရှင်များက နန်းတော်ကြီး၏ နန်းဆောင်များပုံစံ၊ မြန်မာမှု အမွှမ်းပန်းများ ပုံစံတို့ကို ဒီဇိုင်းများ ရေးဆွဲကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ☆

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ယန်စီလိပ် မျိုးသုဉ်းနိုင်မှု တရုတ်သိပ္ပံပညာရှင်များ စိုးရိမ်

**ဗီဝသိပ္ပံသတင်း**

**ဘာသာပြန်-စံစံ**

ပေကျင်း   အောက်တိုဘာ   ၁၃

**တရုတ်သိပ္ပံပညာရှင်များသည် မျိုးသုဉ်းပျောက်ကွယ်လုနီးဖြစ်နေသော လိပ်ကြီးများ၏ သားပေါက်ရာသီကို အနီးကပ် လေ့လာစောင့်ကြည့်ခဲ့ကြသော်လည်း ယခုနှစ်တွင် သားပေါက်မှု အလျဉ်းမရှိသည်ကို တွေ့ရှိရကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။**

တရုတ်နိုင်ငံ ယန်စီမြစ်တွင် ကျက်စားခဲ့သည့် ရေချိုလိပ်ကြီးများမှာ မျိုးသုဉ်းလုနီးပါး အခြေအနေတွင် ရောက်ရှိနေကြောင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

**စူကျိုးမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် တွေ့ရသော အသက် (၁၀၀)အရွယ်ရှိ လိပ်ဖိုကြီး။**

*(ဓာတ်ပုံ-အင်တာနက်)*



# အာဆီယံ ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း အကြိုဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၁၄**

၂၀၀၈ခုနှစ် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ဒေသစံတော်ချိန်ညနေ၅နာရီခွဲတွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက အင်ဒိုနီးရှား အမျိုးသမီး လက်ရွေးစင် ဘောလုံးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁ မိနစ် စက္ကန့် ၃၀ တွင် မိုင်နီလာထွေး၊ ၂၅ မိနစ်တွင် သီတာဦး၊ မိနစ် ၃၀ တွင် သန်းသန်းထွေးနှင့် ၃၉ မိနစ်တွင် စန်းစန်းသိန်းတို့ သွင်းယူ

**စာမျက်နှာ ၃ ကော်လံ ၃ သို့** ❍